
စိတ်ကူးချိုချိုအနုပညာ

# စီ–မိုးနှင်း

# အင်္ဂလိပ်သဒ္ဒါဖြတ်လမ်း




ဒုတိယအကြိမ်

mgyoe.com

mgyoe.com

အင်္ဂလိပ်ဘာသာစကားမှာ
**verb** သည် အရင်းအချုပ် ဖြစ်၏။
**verb** ကို ကောင်းစွာနားလည်ပြီးနောက်
စာကို တွင်တွင်ဖတ်၍ တွင်တွင်မှတ်လျှင်
ကြွင်းသော သဒ္ဒါအပိုင်းများကို
အလိုလို ပေါက်ရောက်နိုင်၏။



PMN0023
1,000.00 KS

mgyoe.com

mgyoe.com

အင်္ဂလိပ်သဒ္ဒါဖြတ်လမ်း

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၄၀၁၂၈၁၁၁၁၀ နှင့်

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၄၀၀၀၈၈၀၁၁၁ တို့ဖြင့်

မျက်နှာဖုံးဒီဇိုင်း m.s.ဝပြုလုပ်ပြီး ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချို စာအုပ်တိုက်၊ ၈၅၊ ၁၆၄ လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်နှင့် ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပင့်နှိပ်တိုက်၊ ရန်ကင်း၊ ရန်ကုန်တို့က ဒုတိယအကြိမ် စောင်ရေ- ၅၀၀ ရိုက်နှိပ်ကာ ၂၀၁၁ ၊ ဧပြီလတွင် တန်ဖိုး ၁၀၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

စာအုပ်ချုပ် - သစ္စာ

ဝီ-မိုးနှင်း ၄၂၅

အင်္ဂလိပ်သဒ္ဒါဖြတ်လမ်း / ဝီ-မိုးနှင်း ။ - ရန်ကုန်။

စိတ်ကူးချိုချိုစာပေ၊ ၂ ကြိမ်၊ ၂၀၁၁။

စာမျက်နှာ ၆၂ မျက်နှာ၊ ၁၃.၂ စင်တီ× ၂၀.၅ စင်တီ

(၁) အင်္ဂလိပ်သဒ္ဒါဖြတ်လမ်း

mgyoe.com

mgyoe.com

# အင်္ဂလိပ်သဒ္ဒါဖြတ်လမ်း

အင်္ဂလိပ်ဘာသာစကားကို တတ်ကျွမ်းရန် တိကျသေချာသော သဒ္ဒါနည်းဖြင့်သာ သင်ကြားလေ့လာမှတ်သားရမည်ဖြစ်က လူ ၁၀၀ လျှင် ၉၉ ယောက်မျှ လိုက်နာသင်ကြားနိုင်မည် မဟုတ်ပေ။ အဘယ့်ကြောင့်ဆိုသော် ၎င်းသဒ္ဒါမှာ အလွန်တရာ ကျယ်ဝန်းလှသည်ဖြစ်၍ နှစ်ရှည်လများ ဆက်လက်သင်ကြားရမည်ပင်ဖြစ်၏။ သို့ဖြစ်၍ ကြိယာ၏ အသုံးအစွဲကို မှန်ကန်အောင် မှတ်သားလေ့ကျင့်ပြီးနောက် အများအားဖြင့် အစဉ်အလာ အသုံးပြုခဲ့သော စကားစပ်ပုံ ဆက်ပုံတို့ကို မှတ်သားရလေရာ ထိုနည်းလမ်း အစဉ်အလာတို့မှာလည်း ဖောက်ပြန်သော ခြွင်းချက်တွေ လွန်စွာများသဖြင့် အင်္ဂလိပ်စာကို များများကြီးဖတ်ဖို့ အရေးကြီးလေသည်။ သဒ္ဒါကို အဘယ်မျှပင် တတ်စေကာမူ စာမဖတ်လျှင် စာမတတ်ဟုဆိုလျှင် လွဲမည် မဟုတ်ပေ။ သဒ္ဒါနည်းများကိုမှတ်ပြီး ထိုနည်းများအရ စာကို စပ်ဟပ် ရေးသားပြောဆိုတိုင်းမဖြစ်။ စာကို များစွာဖတ်သောသူသည် သဒ္ဒါကို အနည်းငယ်တတ်ယုံမျှဖြင့် စာတတ်နိုင်၏။ စာကို လုံးလုံးမဖတ်ဘဲ သဒ္ဒါကိုသာ တတ်သောသူမှာ စာကို လုံးလုံးကြီးမတတ်နိုင်ချေ။ သို့ဖြစ်၍ အင်္ဂလိပ်သဒ္ဒါ ဖြတ်လမ်းနည်းအကျဉ်းချုပ်မှာ 'အင်္ဂလိပ်စာကို များများ ဖတ်' ဟူသောစကားပင် ဖြစ်လေသည်။

အင်္ဂလိပ်ဘာသာစကားမှာ verb သည် အရင်းအချုပ်ဖြစ်၏။ verb ကို ကောင်းစွာနားလည်ပြီးနောက် စာကို တွင်တွင်ဖတ်၍ တွင်တွင်မှတ်လျှင် ကြွင်းသောသဒ္ဒါအပိုင်းများကို အလိုလိုပေါက်ရောက်နိုင်၏။

verb ဆိုသည်မှာ စကားဟု အဓိပ္ပာယ်ရ၏။ အကြောင်းမူကား

mgyoe.com

mgyoe.com


၎င်းစကားမပါလျှင် အဓိပ္ပာယ်ပြည့်စုံသောစကား မဖြစ်နိုင်။ ဥပမာ ...

I am ကျွန်ုပ် ရှိသည် ဖြစ်သည်။ ဤစကား၌ I ကျွန်ုပ်တစ်ခုတည်းနှင့် အဓိပ္ပာယ်မဖြစ်။ am ရှိသည်ဟူသောစကားပါမှ အဓိပ္ပာယ်ပြည့်၏။ သို့ဖြစ်၍ am ရှိသည်ကို verb ဟု ခေါ်သည်။ you go မင်း သွားသည်။ ဤစကား၌လည်း go မပါလျှင် စကားမဖြစ်။ သို့ဖြစ်၍ go ကို verb ဟုခေါ်ရသည်။

verb သုံးမျိုးရှိ၏။ (1) Transitive verb (2) Intransitive verb (3) Auxiliary verb.

နံပါတ်(1) မှာ အခံရှိ၏။ ဥပမာ I beat ငါ ရိုက်၏။ ၎င်း၌ ရိုက်လျှင် အရိုက်ခံရသူ ရှိရမည်။

နံပါတ်(2) မှာ အခံမရှိ။ I sleep ငါအိပ်၏။ အအိပ်ခံရသောသူ၊ အအိပ်ခံရသောအရာဟူ၍ မရှိနိုင်။ အိပ်ရာမှာလည်း အအိပ်ခံရသော အရာမဟုတ်။ အိပ်သောနေရာမျှဖြစ်သည်။

နံပါတ်(3) မှာ အခြား verb များ၌ အချိန်ကာလခေါ် tense ကို ဖြစ်စေဖို့ရန်လည်းကောင်း၊ mood ခေါ် နည်းကိုပြဖို့ရန်လည်းကောင်း အကူအညီမျှဖြစ်၏။

ဥပမာ I will go. ငါ သွားမည်။ ၎င်းစကား၌ will မည် ဟူသော verb သည် go ဟူသော verb ၏ အနာဂတ်ကာလကို ဖြစ်စေရန် ကူညီ၏။ ထိုနံပါတ်(3) verb များမှာ အခြား verb များကို ကူညီသည့်အခါ မိမိတို့ပိုင်အဓိပ္ပာယ် ပျောက်၍နေ၏။ ဥပမာ I am ငါရှိ၏။

သို့သော်လည်း I am reading ငါ စာဖတ်နေသည်ဆိုရာ၌ am 'ရှိသည် ဖြစ်သည်' အဓိပ္ပာယ်ပျောက်ပြီး စာဖတ်နေသည်ဟူသော အဓိပ္ပာယ်သက်ရောက်၏။

verb များမှာ to ကို ရှေ့ကတပ်လျှင် noun နာမ် ဖြစ်နိုင်သည်။ to sleep အိပ်ခြင်း၊ I want to sleep ငါ အိပ်ခြင်းကို အလိုရှိ၏။ (ငါ အိပ်ချင်၏)

to သည် ရည်ရွယ်ချက်ကိုလည်း ပြ၏။ I come ငါလာသည်။ to see ကြည့်ဖို့၊ I come to see ငါ ကြည့်ဖို့လာသည်။

mgyoe.com

verb မှာ ing တပ်လျှင်၊ လျက်၊ ရင်း၊ ခြင်း၊ အဓိပ္ပာယ်ရနိုင်၏။
I like. ငါ ကြိုက်၏။ dancing ကခြင်းကို။
I like dancing. ကခြင်းကို ငါကြိုက်၏။
I eat ငါ စား၏။ dancing ကလျက်၊ ကရင်း။
I eat dancing. ငါ ကရင်း-ကလျက် စား၏။

## Auxiliary Verbs

### အထောက်အပံ့ Verbs များ

To be ရှိခြင်း၊ ဖြစ်ခြင်း၊ ရှိဖို့ ဖြစ်ဖို့၊ being ရှိခြင်း ဖြစ်ခြင်း။ ရှိလျက်၊ ဖြစ်လျက်။ ရှိရင်း၊ ဖြစ်ရင်း။ ရှိသဖြင့်၊ ဖြစ်သဖြင့်။ ရှိ၍၊ ဖြစ်၍၊ ရှိသောကြောင့်၊ ဖြစ်သောကြောင့်၊ been ရှိပြီးသော၊ ဖြစ်ပြီးသော၊ Having been ရှိပြီးနောက် ဖြစ်ပြီးနောက်။ ဖြစ်ပြီးသဖြင့်၊ ရှိပြီးရကား၊ ဖြစ်ပြီးရကား၊ ရှိပြီး၍၊ ဖြစ်ပြီး၍၊ ရှိပြီးသောကြောင့်၊ ဖြစ်ပြီးသောကြောင့်။

### ကျက်မှတ်ရန်

I am, Thou art, he is, It is, She is, This is, That is, dog is, boy is, book is, Mg.Ba is,

ငါ၊ သင်၊ သူ၊ ထိုဟာ၊ သူမ၊ သည်ဟာ၊ ဟိုဟာ၊ ခွေး၊ လူကလေး၊ စာအုပ်၊ မောင်ဘ၊ ရှိသည် ဖြစ်သည် (Present ယခု။ ကေဝုစ်နှင့်ဆိုင်၏)

We are, You are, They are, These are, Those are, Dogs are, Boys are, Books are, Mg.Ba and Mg.Sein are,

ကျွန်ုပ်တို့၊ မင်းတို့၊ သူတို့၊ သည်ဟာများ၊ ဟိုဟာများ၊ ခွေးများ၊ လူကလေးများ၊ စာအုပ်များ၊ မောင်ဘနှင့် မောင်စိန် ရှိကြသည်၊ ဖြစ်ကြသည်၊ {present ယခု၊ ဗဟုဝုစ်။}

I was, Thou was, He was, It was, She was, This was, That was, Dog was, Boy was, Book was, Maung Ba was,
ရှိပြီး ဖြစ်ပြီး။ {ပြီးပြတ်သွားသော အတိတ်ရှိုးရှိုး Past ကေဝုစ်။}

We were, You were, They were, These were, Those

mgyoe.com

mgyoe.com


were, Dogs were, Boys were, Books were, Mg.Ba and Maung Sein were, ရှိကြပြီး၊ ဖြစ်ကြပြီး။ { ပြီးပြတ်သောအတိတ်ရိုးရိုး Past ဗဟုဝုစ်။ }

ထိုကျက်စာပိုဒ်တို့၌ ရုပ်၊ ကိန်း၊ ကာလကို သတိပြုပြီး ဆိုင်ရာအတွဲတို့ မှတ်လေ။

I am being ငါ ရှိလျက်၊ ဖြစ်လျက်နေ၏။

Thou art being သင်၊ ရှိလျက် ဖြစ်လျက်နေ၏။

He, She, It, This, That, Dog, Boy, Mg.Ba is being.

သူ။ သူမ။ ထိုဟာ။ သည်ဟာ။ ဟိုဟာ။ ခွေး။ လူကလေး။မောင်ဘ ရှိလျက်၊ ဖြစ်လျက်နေ၏။ ထိုနည်းအတိုင်း သိအပ်သည်မှာ

We, You, They, These, Those, Dogs, Boys, Books, Mg. Ba and Mg. Sein are being ရှိလျက်၊ ဖြစ်လျက် နေကြ၏။

I was being ငါရှိလျက် ဖြစ်လျက် နေပြီးခဲ့၏။

Thou was being. သင်ရှိလျက် ဖြစ်လျက်နေပြီးခဲ့၏။

He, She, It, This, That, Dog, Boy, Maung Ba was being.

သူ၊ သူမ၊ ထိုဟာ၊ သည်ဟာ၊ ဟိုဟာ၊ ခွေး၊ လူကလေး၊ မောင်ဘ ရှိလျက် ဖြစ်လျက် နေခဲ့၏။

We, You, They, These, Those, Dogs, Boys, Books, Maung Ba and Maung Sein were being,

ရှိလျက် ဖြစ်လျက် နေခဲ့ကြ၏။

I have been, Thou hast been, He has been, She has been, It has been, This has been, That has been, Dog has been, Boy has been, Book has been, Mg.Ba has been ရှိခဲ့ပြီး ဖြစ်ခဲ့ပြီး အဓိပ္ပာယ်ရ၏။ သို့သော်လည်း ယခု မကြာမီကမှ ရှိခဲ့ ဖြစ်ခဲ့သည်ကို ဆိုလိုသည်။

ဥပမာ I have been there ငါဟိုမှာ အခုပဲ ရှိခဲ့တယ်။ သို့မဟုတ် ဟိုကို မကြာမီက ရောက်ခဲ့တယ်။

mgyoe.com

I have been here three years.

ငါ သည်မှာ သုံးနှစ်ကြာပြီ။ ယခုလည်း သည်မှာပင် ရှိသေးသည် ဟုဆိုလိုသည်။ ဤစကား၌ အတိတ်နှင့်ပစ္စုပ္ပန်ဆက်၍နေသည်။ သုံးနှစ် အခါက သည်မှာရှိတာနှင့် ယခု သည်မှာရှိခြင်းဟာ ဆက်၍နေသည်။

I was here three years ago.

လွန်ခဲ့သောသုံးနှစ်တုန်းက ငါ သည်မှာရှိဖူးတယ်။ ဤစကား၌ ယခု သည်မှာရှိသေးသည်ဟု မဆိုလို။ သုံးနှစ်အခါတုန်းက ရှိဖူးသည်ကို သာ ဆိုလိုသည်။ has နှင့် have ကိုမှတ်လေ။

Had been မှာ I, You, We, They မှစ၍ မည်သည့်ကတ္တားနှင့် မဆို တွဲနိုင်သည်။ ရှိနှင့်ပြီး – ဥပမာ။

မင်း မနေ့က သည်ကိုလာတော့ ငါသည်မှာ ရှိနှင့်ပြီ။

Yesterday when you came here I had been here.

မနေ့က မင်းသည်ကိုလာသောအခါ ငါသည်မှာ ရှိနေနှင့်ပြီ။

Will be, Shall be,

ရှိလိမ့်မည်။ ဖြစ်လိမ့်မည်။ ရှိကြလိမ့်မည်။ ဖြစ်ကြလိမ့်မည်။

Will ၌ အလိုဆန္ဒ သဘောအဓိပ္ပာယ် ပါရှိ၏။

Shall မှာ တာဝန်ဝတ္တရားအဓိပ္ပာယ် သက်၏။

I will be ငါသည်မှာ ရှိမည်။

I shall be. ငါ သည်မှာ ရှိရမည်။ ရှိမှတော်မည်။ ရှိဖို့ ဝတ္တရားရှိ သည်။

Shall အာဏာကိုလည်း ပြ၏။ You shall be here မင်း သည် မှာ ရှိရမည်။

I will be here. ငါ သည်မှာရှိမည် ဟူရာ၌ စိတ်အကြံကိုလည်း ပြ၏။ I will not be. ငါ သည်မှာ ရှိမည်မဟုတ်။ ငါသည်မှာ ရှိနေဖို့ စိတ်မကူးဘူး။ မင်းက ငါ့ကို သည်မှာရှိနေဖို့ အမိန့်ပေးသော်လည်း ငါ ရှိနေမည်မဟုတ်။

Will I be. ငါ ရှိမလားဟူသော အမေးစကားမျိုးမရှိ။ ထိုကဲ့သို့ မေးလျှင် မိမိအလိုကို မိမိမသိ။ မိမိစိတ်ကို မိမိအစိုးမရသလိုဖြစ်၏။

mgyoe.com

mgyoe.com

အကြောင်းမူကား will သည် စိတ်အလိုကိုပြသည်။

Shall I be here. ငါ သည်မှာရှိနေရမလားဟု သုံးနိုင်၏။ ရှိနေဖို့ တာဝန်ဖြစ်မလား။ တစ်စုံတစ်ယောက်က ငါ့အား သည်မှာရှိနေရအောင် လုပ်လေမလား မသိရ။

Shall you be here?

မင်း သည်မှာ ရှိနေမှာလား။ (သုံးနိုင်၏)

Will you be here?

မင်း သည်မှာ ရှိနေဖို့ စိတ်ကူးသလား။ (သုံးနိုင်၏)

May be.

ရှိနိုင်သည်။ ရှိခွင့်ရှိသည်။ ရှိချင်ရှိမည်။ ဖြစ်ချင်ဖြစ်မည်။

May I be here?

ကျွန်တော် သည်မှာ ရှိနေခွင့်ရှိသလား။

Yes you may be here.

အင်း ... မင်း သည်မှာရှိနေချင် ရှိနေနိုင်သည်။

Can be ရှိနိုင်သည်၊ ဖြစ်နိုင်သည်။

Could be ရှိနိုင်ပြီ၊ ဖြစ်နိုင်ပြီ။

Must be ရှိရမည်၊ ဖြစ်ရမည်။

Might be ရှိချင်ရှိမည်၊ ဖြစ်ချင်ဖြစ်မည်။ ရှိကောင်းရှိမည်။ ဖြစ်ကောင်းဖြစ်မည်။ ရှိခဲ့ဖို့ပဲ။

Be here သည်မှာရှိပါ။

Be there ဟိုမှာရှိပါ။

Do be here သည်မှာရှိနေပါ။

Do be there ဟိုမှာရှိနေပါ။ တောင်းတောင်းပန်ပန် ပြောသော စကား။

| | |
|---|---|
| Do come. | လာပါဆက်ဆက်။ |
| Should be. | ရှိသင့်သည်။ |
| Ought to be. | ရှိဖို့သင့်သည်။ |

If you could be here.

mgyoe.com

mgyoe.com


မင်း သည်မှာ ရှိနေနိုင်မည်ဆိုလျှင်။

If you can be here.

မင်း သည်မှာ ရှိနိုင်လျှင်။

Could you be here.

မင်း သည်မှာ ရှိနေနိုင်ပါ့မလား။[နိုင်မည်ဟု များစွာမထင်၍ မေးပုံ]

Can you be here.

မင်း သည်မှာ ရှိနိုင်သလား။ [မသိ၍ ရိုးရိုးမေးပုံ]

If you could be here.

မင်း သည်မှာ ရှိနေနိုင်မည်ဆိုရင်။ [ရှိနေနိုင်ပါ့မလားဟု ဒိဋ္ဌမပြောနိုင်၍ စနောင့်စနင်းနှင့်ပြောပုံ။]

If you can be here.

မင်း သည်မှာ ရှိနိုင်လျှင်။ [ရှိနိုင်မည်ကိုသိ၍ မေးပုံ]

If you would be here.

မင်း သည်မှာရှိမှာ ဖြစ်လျှင်။ [ရှိပါ့မလားဟု စိတ်မချ၍ မေးပုံ]

If you will be here.

မင်း သည်မှာ ရှိမှာအမှန်ဖြစ်လျှင်။ မင်း သည်မှာ ရှိမည်ဟု စိတ်ထဲမှာ အကြံရှိလျှင်။

You should be here.

မင်း သည်မှာ ရှိသင့်သည်။

I should have been there.

ငါ ဟိုမှာ ရှိနေခဲ့ဖို့ပဲ။ အကြောင်းတစ်ခုခုကြောင့် ယခု ငါ ဟိုမှာ ရှိမနေမိဘူး။

He would say.

သူ ပြောလေ့ရှိသည်။ [အတိတ်]

He will say.

သူ ပြောလေ့ရှိသည်။ [ပစ္စုပ္ပန်]

If you would com.

မင်း လာမယ်ဆိုလျှင်။

mgyoe.com

mgyoe.com

Would you go?

မင်း သွားချင်စိတ် ရှိသလား။

He is too lazy, I should say.

သူ သိပ်ပျင်းတယ်လို့ ငါပြောချင်တာပဲ။

I should like to know.

ငါ သိချင်စမ်းတယ်။

I should be very glad if you would do this.

မင်း ဒါကိုလုပ်မည်ဆိုလျှင် ငါ အင်မတန် ဝမ်းသာမှာပဲ။

Dared အတိတ်ကာလ။ မည်သည့်ကတ္တား၊ မည်သည့်ယောဂနှင့် မဆို ကေဝုစ်–ဗဟုဝုစ်မရွေး တွဲသည်။

Daring ရဲဝံ့သော။ ရဲဝံ့လျက်။ ရဲဝံ့ခြင်း။

Having dared ရဲဝံ့ပြီးနောက်။ ရဲဝံ့ပြီးသဖြင့်။ ရဲဝံ့သောကြောင့်။ ရဲဝံ့သည်နှင့်။ ရဲဝံ့ပြီးရကား။

I dare not do.

ငါ မလုပ်ဝံ့ဘူး။

I dare say.

ငါ ပြောဝံ့တယ်။

He dares to come.

သူ လာဝံ့တယ်။

He dare not come.

သူ မလာဝံ့။

not ဟူသော စကားကြောင့် ပစ္စုပ္ပန်၊ နာမယောဂ ကေဝုစ်မှာ dares အစား dare ဟု သုံးသည်။

To do လုပ်ဖို့၊ doing လုပ်လျက်။ လုပ်ခြင်း။ လုပ်၍။ done လုပ်ပြီးသော၊ having done လုပ်ပြီး၍၊ လုပ်ပြီးနောက်။ လုပ်ပြီးရကား၊ လုပ်ပြီးသဖြင့်။

I do, Thou dost, He does, She does, It does, This does, That does, Dog does, Boy does, Book does, Maung

mgyoe.com

mgyoe.com

Ba does.

ငါ။ အသင်။ သူ။ (စသည်) လုပ်သည်၊ ပစ္စုပ္ပန်။ ကေဝုစ်။

Do ဗဟုဝုစ်၊ ပစ္စုပ္ပန်။ မည်သည့်ယောဂနှင့်မဆိုတွဲ။

Did အတိတ်၊ ဗဟုဝုစ်၊ ကေဝုစ်မရွေး မည်သည့်ယောဂနှင့်မဆိုတွဲ။

I have done, He has done, you, they, we, these, those have done.

မကြာမီက လုပ်ပြီးခြင်း။

I have been doing, He has been doing.

We have been doing.

အတိတ်နှင့် ပစ္စုပ္ပန်ဆက်ခြင်း။

I have been doing this for three years.

ငါ သည်ဟာကို လုပ်တာ သုံးနှစ်ကြာပြီ။ ယခုလည်း လုပ်လျက်ရှိသေးသည်။

I had done, You had done, He had done, They had done. လုပ်ပြီးနှင့်ပြီ။

You must think.

မင်း စဉ်းစားရမည်။

I dare, Thou darest, He dares, She dares, It dares. This dares, That dares, Dog dares, Boy dares, Book dares, Maung Ba dares. ရဲသည်၊ ဝံ့သည်။ ပစ္စုပ္ပန်–ကေဝုစ်။

We dare, You dare, They dare, These dare, Those dare, Dogs dare, Boys dare, Books dare, Maung Ba and Mg.Sein dare. ရဲကြသည်၊ ဝံ့ကြသည်။(ပစ္စုပ္ပန် ဗဟုဝုစ်။)

ဤခြင်းချက်ကို မှတ်ရမည်။ not မပါလျှင် ပစ္စုပ္ပန်မှာ dares ၊ အတိတ်မှာ dared ကိုသာ သုံးရသည်။

He dares me to fight.

သူ ငါ့လုပ်ဝံ့လုပ်စမ်းလို့ ပြောသည်။

You need not do this.

mgyoe.com

mgyoe.com

ဒါကို မင်း လုပ်ဖို့မလို။

He need not do this.

သူ ဒါကို လုပ်ဖို့မလို။

He must needs go.

သူ သွားမှဖြစ်မည်။

Will do, Shall do လုပ်မည်။ လုပ်ရမည်။

To have ရှိခြင်း၊ ရှိဖို့။ having ရှိလျက်။ ရှိခြင်း။ ရှိ၍။ had ရှိပြီးသော၊ Having had ရှိပြီးဖြစ်သဖြင့်။ ရှိပြီးသောကြောင့်။ ရှိပြီးရကား၊ ရှိပြီးနောက်။

I have, Thou hast, He, She, It, this, that, boy, dog, book, Mg ba has ပစ္စုပ္ပန်၊ ဧကဝုစ်။

We, you, they, မှစ၍ ဗဟုဝုစ်အတွက်၊ ပစ္စုပ္ပန်မှာ have ဖြစ်၏။

အတိတ် had ရှိပြီးပြီ။ ဗဟုဝုစ်၊ ဧကဝုစ် ဘယ်ယောဂနှင့်မဆိုတွဲ။

Have had, has had, ရှိခဲ့ပြီ။ အတိတ်နှင့်ပစ္စုပ္ပန်ဆက်ခြင်း၊ မကြာမိက ရှိခဲ့ပြီးခြင်း။ အရင်ကစပြီး ယခုအထိ ရှိခဲ့ခြင်း။ Have နှင့် has အဘယ်ကတ္တားနှင့် တွဲသည်ကို အထက်၌ပြပြီ။

I had had, ငါ့မှာ ရှိပြီးနှင့်ပြီ။ ဧကဝုစ်၊ ဗဟုဝုစ်မရွေး၊ ဘယ်ယောဂနှင့် မဆိုတွဲ။

**အထောက်အပံ့ကြိယာများ ပြီး၏။**

အထက်ဖော်ပြရာ အထောက်အပံ့ကြိယာ verb များကို အထောက်အပံ့ဟုခေါ်သော်လည်း အခါခပ်သိမ်း အထောက်အပံ့မဟုတ်။ အခြားကြိယာ တစ်ခုခုကို ထောက်ပံ့သည့်အခါမှသာ အထောက်အပံ့ကြိယာဖြစ်သည်။ မိမိတို့ဘာသာသုံးလျှင် Transitive, Intransitive verb များနှင့် တူ၏။

ဥပမာ I can do this. ဤအရာကို ငါ လုပ်နိုင်သည်။ ဤစကား၌ do မှာ [ဤအရာကို] ဟူသော အလုပ်ခံရသောအရာရှိသဖြင့် Transitive verb ဖြစ်သည်။

mgyoe.com

mgyoe.com


I do not know. ငါ မသိဆိုရာ၌ do သည် မသိဟူသော စကား အဓိပ္ပာယ်ဖြစ်အောင် ကူညီရသောကြောင့်၊ အထောက်အပံ့ verb ဖြစ်၏။

I am here, ငါ သည်မှာရှိသည်။ ၎င်းစကား၌ am မှာ Intransitive verb ဖြစ်၏။ အကြောင်းမှုကား ခံရသောအရာ မရှိချေ။ အထောက်အပံ့လည်း မဟုတ်။

I am loving.

ငါချစ်လျက်နေသည်ဟူသော စကား။

Need I go.

ကျုပ်သွားဖို့ လိုသလား။

It behoves me to do this.

ဒါကို ငါလုပ်မှပဲ။ လုပ်မှတော်မည်။

It shames me to hear this.

ဒါကို ငါကြားရတာ ရှက်တယ်။

It repents me of my jolly.

ငါ့အမိုက်အမှားအတွက် ငါ နောင်တရသည်။

Please come.

လာပါ။

Please to sit down.

ထိုင်ပါ။

You must not do.

မင်း မလုပ်ရဘူး။

Might သည် May ၏အတိတ်။

Should သည် Shall ၏အတိတ်။

Could သည် Can ၏အတိတ်။

Would သည် Will ၏အတိတ်ဖြစ်သည်။ သို့သော်လည်း ဖော်ပြပြီးသော သုံးနည်းသုံးပုံတို့ကိုလည်းကောင်း၊ စာဖတ်ရာ၌ ၎င်းတို့ကိုတွေ့သည့်အခါ၌လည်းကောင်း၊ သတိနှင့်မှတ်၍ သုံးမှမှန်မည်။ စိတ်ကူးနှင့် ကြံ၍ မသုံးရ။

mgyoe.com

mgyoe.com

doing လုပ်လျက်။ လုပ်ခြင်း။

to do လုပ်ဖို့၊ လုပ်ခြင်း။

Having done လုပ်ပြီး၍၊ လုပ်ပြီးသဖြင့်၊ လုပ်ပြီးသောကြောင့်၊ လုပ်ပြီးရကား။

done လုပ်ပြီးသော။

I have done, Thou hast done, He has done, It has done, She has done, This has done, That has done, Boy has done, Dog has done, Book has done, Mg.Ba has done.

လုပ်ခဲ့ပြီ၊ လုပ်နေခဲ့ပြီ။ ယခုပင်လုပ်ပြီးခဲ့ပြီ။ ကေဝုစ်။

Had done လုပ်ပြီးနှင့်ပြီ။ အတိတ်ထက်အတိတ်။ ဗဟုဝုစ်–ကေဝုစ်မရွေး ဘယ်ယောဂနှင့်မဆို တွဲနိုင်သည်။

Have been doing, Has been doing, အထက်အတိုင်း ဆိုင်ရာကတ္တာများနှင့်တွဲလေ။ လုပ်လျက်နေခဲ့ပြီ။ အတိတ်နှင့်ပစ္စုပ္ပန်ဆက်ခြင်း။

I have been doing this work for three years. သည်အလုပ်ကို သုံးနှစ် ငါလုပ်လျက်ရှိခဲ့ပြီ။ ယခုလည်း လုပ်လျက်။

အတိတ်နှင့် ပစ္စုပ္ပန် ဆက်နေသောအဓိပ္ပာယ်ရှိသဖြင့် သူအချစ်ခံခဲ့ပြီးပြီ။ သို့မဟုတ် သူ အရင်ကစပြီး ယခုအထိ အချစ်ခံရတုန်းဟု သိလေ။

ထိုနောက်ဆုံး Past participle ကို have, has, had, having, having had, to have, တို့နှင့်တွဲလျှင် active အဓိပ္ပာယ်မပျက်။

I have loved ငါချစ်ခဲ့ပြီ။ ငါ အရင်ကစပြီး ယခုအထိ ချစ်နေခဲ့ပြီ။ ခုပဲ ချစ်ပြီးခဲ့တယ်ဟု အဓိပ္ပာယ်ရ၏။

I had loved ငါချစ်ပြီးနှင့်ပြီ။

Having loved ချစ်ပြီးသဖြင့်၊ ချစ်ပြီးရကား၊ ချစ်ပြီးသောကြောင့်၊ ချစ်ပြီးသည်နှင့်။

To have love ချစ်ပြီးခဲ့ဖို့၊ ချစ်ပြီးပြီဟု၊ အကယ်၍ နောက်ဆုံးစကား၌ been ကိုထည့်လျှင် To have been loved အချစ်ခံရပြီးခဲ့ဖို့၊ အချစ်ခံရပြီးပြီ ဟူ၏။

He is said to have loved Ma Pu.

mgyoe.com

သူ မပုကို ချစ်ပြီဟု အပြောခံရ၏။ [အပြောရှိ၏]

He is said to have been loved by Ma Pu.

သူ မပုအားဖြင့် အချစ်ခံရပြီဟု အပြောခံရ၏။ [အပြောရှိ၏]

ဤစကား၌ is said မှာ said သည် say ပြောသည်၏ နောက်ဆုံး အပိုင်း past participle ဖြစ်သောကြောင့် အထောက်အပံ့ကြိယာ is နှင့်တွဲကာ အပြောခံရသည်ဟူသော passsive အဓိပ္ပာယ် ရောက်ရလေသည်။

Loving ချစ်လျက်၊ I am loving ငါ ချစ်လျက်နေသည်။ [ချစ်နေသည်]

I love, he loves, You, We, They, love

ငါ။ သူ။ မင်း။ ကျွန်ုပ်တို့။ သူတို့ချစ်ကြသည်။ past အတိတ်မှာ loved.

I, You, He, We, They, She, loved.

ငါ။ မင်း။ သူ။ ငါတို့။ သူတို့။ သူမ ချစ်လေ၏။

I have loved, he has loved, you, we, they have loved, ချစ်ခဲ့ပြီ။

I had loved, you had loved, we, they had loved, ချစ်ပြီးနှင့်ပြီ။

I have been loving, he has been loving, we, they, have been loving ချစ်နေခဲ့ကြပြီ။

၌ am သည် ချက်လျက်နေသည်ဟူသော အဓိပ္ပာယ်ဖြစ်အောင် ကူညီရသဖြင့် အထောက်အပံ့ဖြစ်သည်။

ကြိယာများမှာ သုံးပိုင်းရှိ၏။ ထိုသုံးပိုင်းကား။

(၁) Am, are, is, ရှိသည် ဖြစ်သည်။ present. ပစ္စုပ္ပန်။

(၂) Was, were ရှိပြီ ဖြစ်ပြီ။ past အတိတ်။

(၃) Been ရှိပြီးသော။ ဖြစ်ပြီးသော။ past participle ဝိသေသနသဘောသက်သော ကြိယာအပိုင်း။

ထိုနည်းအတိုင်း အခြားကြိယာများမှာလည်း သုံးပိုင်းရှိ၏။

mgyoe.com

mgyoe.com


| Present | Past | Past participle |
|---|---|---|
| သည် | ပြီ | ပြီးသော။ |
| have, has | had | had |
| do, does | did | done |
| dare,dares | dared | dared |
| arise, arises | arise | arisen |
| love | loved | loved |

ကြိယာများ၌ ထိုသုံးပိုင်းသည် အရေးကြီးလေသည်။

အများအားဖြင့် ကြိယာတို့မှာ Past tense နှင့် Past participle မှာ ed တပ်ရ၏။ သို့သော်လည်း ဖောက်ပြန်သောကြိယာတွေ များစွာရှိလေရာ အောက်၌ ...

ကျက်ရန်

| Present | Past | Past participle |
|---|---|---|
| Arise | arose | arisen |
| Bear | bore | born |
| Bear | bore | borne |
| Beget | begot-begat | begotten |
| Bid | bade, bid | bidden,bid |
| Bite | bit | bitten, bit |
| Bind | bound | bound,bounden |
| Blow | blew | blown |
| Break | broke | broken |

ဤကဲ့သို့သော ခြွင်းချက်တွေများစွာရှိလေရာ အကုန်ကျက်ထားရန်မလို၊ စာကိုဖတ်ခြင်းပြောခြင်း၌ အတွေ့အကြုံများခြင်းဖြင့် သိနိုင်သည်။ သို့သော်လည်း ကျက်၍ထားနိုင်လျှင် သာ၍ကောင်းမည်ဖြစ်သောကြောင့် ဤစာအုပ်အဆုံး၌ ၎င်းတို့ကို ထည့်လိုက်၏။ ထိုကြိယာများမှာ

mgyoe.com

အခံရှိသော Transitive ဖြစ်လျှင် active, passive ဟု နှစ်မျိုးရှိ၏။

ငါ မချစ်ဖူး I not love ဟု မဆိုရ။ I do not love.

မင်း ချစ်သလား Love you? ဟု မဆိုရ။ Do you love? ဟု ဆိုရသည်။ Do you not love? မင်း မချစ်ဖူးလား။

## အခြားအမေးအဖြေများ

I am loved.

ငါ အချစ်ခံရသည်။

Am I loved?

ငါ အချစ်ခံရသလား။

I am not loved.

ငါ အချစ်မခံရ။

Am I not loved?

ငါ အချစ်မခံရဘူးလား။

## IF

### Present.

If I love.

ငါချစ်လျှင်။

If we love.

ငါတို့ ချစ်လျှင်။

If you love.

မင်း၊ မင်းတို့ ချစ်လျှင်။

If they lvoe.

သူတို့ချစ်လျှင်။

### Past

If I loved. ငါချစ်လျှင်။ If he, we, you, they loved. သူ။

mgyoe.com

mgyoe.com


ငါတို့။ မင်း။ သူတို့။ ချစ်လျှင်။ ၎င်း၌ past အတိတ်ဆိုသော်လည်း စင်စစ်မှာ လွန်ပြီးသည်ကို မဆိုလို။ အဘယ်အခါသုံးရမည်ကို အမြင်အတွေ့ဖြင့် မှတ်လေ။ အခါများစွာ အနာဂတ်အတွက်လည်း သုံးသည်။ ဘယ်အခါ သုံးရမည်ဟု တထစ်ချပြောရန် နည်းမရှိ။

If I should love.

ငါ ချစ်ရမည်ဆိုလျှင်။

If he, we, you, they, should love.

သူ။ ငါတို့။ မင်း။ မင်းတို့၊ သူတို့ ချစ်ရမည်ဆိုလျှင်။

If I be.

ငါ ဖြစ်လျှင်။ ရှိလျှင်။

If he, we, you, they be.

သူ။ ငါတို့။ မင်း။ မင်းတို့။ သူတို့ဖြစ်လျှင် ရှိလျှင်။

If I were

ငါ ဖြစ်မည်ဆိုလျှင်။

If he, we, you, they, were,

သူ။ ငါ။ မင်း။ မင်းတို့။ သူတို့ ဖြစ်မည်၊ ရှိမည်ဆိုလျှင်။

If I should be.

ငါ ရှိမည် ဖြစ်မည်ဆိုလျှင်။

If he, we, you, they, should be.

သူ။ ငါတို့။ မင်း။ မင်းတို့။ သူတို့ ရှိမည် ဖြစ်မည်ဆိုလျှင်။

I am loving, thou art loving, he is loving, we, you they are loving.

ချစ်လျက်နေကြသည်။

[ ကြန့်ကြာခြင်းပစ္စုပ္ပန် ]

I will, shall love,

ငါချစ်မည်။

I shall have loved ၌ loved သည် past participle ဖြစ်၏။

ငါ ချစ်ပြီးလိမ့်မည်။ အနာဂတ်နှစ်ခု ယှဉ်ပြိုင်ရာ၌ အရင်ဦးမည့်

mgyoe.com

mgyoe.com

အနာဂတ် future perfect ဥပမာ။ မင်း ရှေ့နှစ်ခါ မယ်ပုကို တောင်းရမ်းဖို့လာတော့ မယ်ပုကို ငါ ချစ်ပြီးနှင့်လိမ့်မည်။ ဤစကား၌ တစ်ယောက် အတောင်းလာခြင်းနှင့် တစ်ယောက်ချစ်ခြင်း ယှဉ်ပြိုင်ရာ၌ နှစ်ခုစလုံး အနာဂတ်ဖြစ်သော်လည်း ချစ်ခြင်းက အရင်ဖြစ်မှာမို့ အနာဂတ် အတိတ် future perfect မှာ ထားရသည်။

ဤအချက်ကို သိဖို့ရန်အတွက်သာ ဖော်ပြ၏။ သုံးဖို့ရန် ကြုံခဲ၏။

## Active နှင့် Passive ယှဉ်၍ပြခြင်း။

You should love.

မင်း ချစ်သင့်သည်။

You should be loved.

မင်း အချစ်ခံရဖို့ သင့်သည်။

You need love.

မင်း ချစ်ဖို့ လိုသည်။

You need be loved.

မင်း အချစ်ခံရဖို့ လိုသည်။

He should have loved.

သူ ချစ်ခဲ့ဖို့ပဲ။

He should have been loved.

သူ အချစ်ခံရဖို့ပဲ။

I might have loved.

ငါ ချစ်ခဲ့ဖို့ပဲ။

I might have been loved.

ငါ အချစ်ခံခဲ့ရဖို့ပဲ။

You ought to love.

မင်း ချစ်ဖို့ သင့်တယ်။

You ought to be loved.

မင်း အချစ်ခံရဖို့ သင့်သည်။

mgyoe.com

mgyoe.com


## Do

I do love, he does love, we, you, they do love,

ငါ။ သူ။ ငါတို့။ မင်းတို့။ သူတို့ ချစ်ကြသည်။

ဤစကား၌ do, does သည် တကယ်ချစ်ကြောင်းကို လေးနက်စွာ ပြလို၍ သုံးသောစကားဖြစ်သည်။

come.

လာပါ။ ကြွပါ။

Do come.

ဆက်ဆက်ကြွလာတော်မူပါ။

did အတိတ်မှာလည်း ထို့အတူ။

I did see him.

ငါ သူ့ကို တကယ်မြင်လိုက်သည်။

Verb များကို အမေးအငြင်း၌သုံးလျှင်–

do, does, did. Do not, does not, did not တို့နှင့်တွဲ။

If I were to meet him, I should know him.

ငါ သူ့ကိုတွေ့ရမည်ဆိုလျှင်၊ ငါ သူ့ကို သိမှာပဲ။ (တွေ့မည် မတွေ့မည် သေချာစွာမပြောနိုင်)

If he had met me, he would have known me.

သူ ငါ့ကို တွေ့ခဲ့လျှင် သိမှာပဲ။ (မတွေ့ခဲ့ရ)

If I had been in his place, I should have told.

ငါသာ သူဖြစ်ခဲ့လျှင် ငါ သူ့ကို ပြောလိုက်ပေမှာပဲ။

၎င်းစကားများ၌

met တွေ့သော။ told ပြောသော။ known သိသော – စကားများသည် past participle များ ဖြစ်ကြ၏။ အကယ်၍ been —— be စကားများပါလျှင် passive ခံရသော ကြိယာဖြစ်ကြပေမည်။ အထက်ကို ပြန်၍ကြည့်။

ကြိယာများ၌ ပစ္စုပ္ပန်။ ကေဝုစ်။ နာမယောဂ။ Indicative mood ခေါ် ရိုးရိုးအပြောမှာ အဖျား၌ s ပါ၏။ he loves သူ ချစ်သည်။ သို့သော်

mgyoe.com

လည်း ချစ်သည် မချစ်သည်ကို သေချာစွာမသိရ။ ချစ်မည် မချစ်မည်ကို ဒိဋ္ဌမပြောနိုင်။ သူချစ်လျှင်ဟုဆိုရာ၌ s မပါ။ If he love ဟု ဆိုရသည်။

Whether he love or not.

သူချစ်သည်ဖြစ်စေ မချစ်သည်ဖြစ်စေ။

ဤစကား၌လည်း မသေချာသောကြောင့် love ဟု ဆိုသည်။ သေချာလျှင် loves ဟုဆိုရမည်။

Unless he love.

သူ မချစ်လျှင်။ ဤစကား၌လည်း မသေချာသောကြောင့် love ဟုဆိုသည်။ ချစ်မည်ဟု သေချာစွာသိရလျှင် loves ဟုဆိုရသည်။

Provided he love. သူ ချစ်သာ ချစ်ပါစေ။ ( ငါ ယူမည်။)

ဤစကား၌လည်း ချစ်မည့် မချစ်မည် မသိရသောကြောင့်။ loves အစား love ကို သုံးရသည်။

To love.

ချစ်ခြင်း။ ချစ်ဖို့။

To have loved.

ချစ်သည်ဟူ၍။

To be loving.

ချစ်နေခြင်း၊ ချစ်နေလျက်။

To have been loving.

ချစ်လျက်နေခဲ့သည်ဟု၊ ချစ်လျက်နေခဲ့ဖို့။

Please love.

ကျေးဇူးပြု၍ ချစ်ပါ။

Please to love.

ဟု ရှေးအခါက ဆို၏။ ယခုမှာ to ကို ဖြုတ်ထားသည်။

If I be loving.

ငါချစ်နေလျှင်။

If you, he, we, they be loving.

မင်း၊ သူ။ ငါတို့၊ သူတို့ ချစ်နေလျှင်။

mgyoe.com

mgyoe.com


If I have loved.

ငါ ချစ်ခဲ့လျှင်။

If he has loved.

သူချစ်ခဲ့လျှင်။

If we, you, they have loved.

ငါတို့။ မင်းတို့။ သူတို့ချစ်ခဲ့လျှင်။

If I be loved.

ငါ အချစ်ခံရမည်ဆိုလျှင်။

If you were loved.

မင်း အချစ်ခံရမည်ဆိုလျှင်။

If I should be loved.

ငါ အချစ်ခံရမည်ဆိုလျှင်။

If I have been loved.

ငါ အချစ်ခံခဲ့ရလျှင်။

If I had been loved.

ငါ အချစ်ခံပြီးနှင့်လျှင်။

ဤကြိယာများ၌ မြန်မာလိုပြန်ခြင်းမှာ မသေမချာ၊ သာမန်မျှ ပြန်ဆိုခြင်းဖြစ်၏။ အဘယ်အဓိပ္ပာယ်သက်သည်ကို နေရာတကျ သုံးစွဲထားသည့်အခါ သိနိုင်လေသည်။

Love.

ချစ်ပါ။

Let me love.

ချစ်ပါရစေ။

Do not fear.

မကြောက်နှင့်။

give.

ပေးပါ။

Do give.

mgyoe.com

ပေးပါ.

Be wise.

လိမ္မာပါ။

Have a drink.

သောက်ပါ။

Have some more.

ယူပါဦး၊ စားပါဦး။

If I meet him.

ငါ သူ့ကိုတွေ့လျှင်။

Should I meet him.

ငါ သူ့ကိုတွေ့လျှင်။ (တွေ့မည် မတွေ့မည် မသိရ။)

Where I in his place.

ငါသာ သူဖြစ်လျှင်။

Had he met me.

သူ ငါ့ကို တွေ့လိုက်ပါလျှင်။ (မတွေ့လိုက်လို့ပေါ့)

Had I be in his place.

ငါသာ သူ ဖြစ်ခဲ့ပါလျှင်။ (ငါ သူမဟုတ်လို့ပေါ့)

If you asked him.

မင်း သူ့ကိုမေးလျှင်။

He would not tell.

သူ ပြောမှာမဟုတ်။ မင်း သူ့ကိုမေးလျှင် သူပြောမှာမဟုတ်။

If I met him, I shall know him.

ငါ သူ့ကိုတွေ့လျှင် ငါ သူ့ကိုသိမှာပဲ။ (တွေ့လိမ့်မည်)

ဤစကား၌ met သည် အတိတ်ဖြစ်၏။ သို့သော်လည်း အနာဂတ် အတွက် သုံးထား၏။

If I should met him, I should know him.

သူ့ကို ငါမြင်လျှင် သိမှာပဲ။ တွေ့မည် မတွေ့မည်ကို မသိသေး။

To err is human.

mgyoe.com

mgyoe.com

မှားခြင်းသည် လူသတ္တဝါနှင့်ဆိုင်၏။

to err - မှားခြင်း။

human - လူနှင့်ဆိုင်သော

I hope to succeed.

ငါ အောင်မြင်မယ်လို့ မျှော်လင့်တယ်။

## To ၏အသုံးများ။

He appears - သူ လက္ခဏာရှိသည်။

to be - ဖြစ်ခြင်း။

wise - ပညာရှိသော။

man - လူ။

He appears to be a wise man.

သူ ပညာရှိသောသူဖြစ်ခြင်းလက္ခဏာရှိသည်။ (သူ ပညာရှိဟန်တူသည်)

They ordered him

သူတို့ သူ့ကို အမိန့်ပေးလိုက်ပြီ။

to be killed. - အသတ်ခံရဖို့။

သူတို့ သူ့ကို အသတ်ခံရဖို့ အမိန့်ပေးလိုက်ပြီ။

He was about

အနီးအပါးမှာရှိသည်။

to die - သေခြင်း။

(သူ သေခြင်းအနီးအပါးမှာ ရှိသည်) သူသေတော့မလို့။

They came

သူတို့ လာကြသည်။

to see the pwe.

ပွဲကြည့်ဖို့။ [သူတို့ ပွဲကြည့်ဖို့လာကြသည်။]

He want - သူ အလိုရှိသည်။

to do - လုပ်ဖို့၊ လုပ်ခြင်း။

mgyoe.com

သူ လုပ်ဖို့ အလိုရှိသည်။ လုပ်ချင်သည်။

He wept - သူ ငိုသည်။

to be king - ရှင်ဘုရင်ဖြစ်ခြင်း

သူ ရှင်ဘုရင်ဖြစ်ခြင်းကို ငိုသည်။ (ရှင်ဘုရင်ဖြစ်လို့ ငိုသည်။)

He worked hard.

သူ ပြင်းထန်စွာ အလုပ်လုပ်သည်။ [ကြိုးစားအလုပ်လုပ်သည်]

I hear you speak.

မင်းပြောတာ ငါကြားသည်။ ရှေးက to speak ဟုဆိုသည်။

I saw him go.

သူသွားတာ ငါ မြင်လိုက်သည်။ ရှေးက to go ဟုဆိုသည်။

You need not come.

မင်း လာဖို့ မလို။ ရှေးက to come ဆိုသည်။

I dare not say.

ငါ မပြောဝံ့။ ရှေးက to say.

He made me come.

သူ ငါ့ကို လာအောင်လုပ်သည်။ to come ဟု ရှေးကဆိုသည်။

Let him go.

သူ သွားပါစေ။ to go.

Bid him do this.

သူ့ကို ဒါအလုပ်ခိုင်း။ to do.

I watched him go.

သူ သွားတာ ငါကြည့်လိုက်သည်။ to go.

I saw the fish rise.

ငါးပေါ်လာတာ ငါမြင်သည်။ to rise.

ဤစကားများ၌ to မြှုပ်ထားသည်။ အောက်ပါစကားများ၌ to ကို မမြှုပ်။

Order him to go.

သူ သွားဖို့ အမိန့်ပေး။

mgyoe.com

mgyoe.com

You ought to go.

မင်း သွားဖို့သင့်သည်။

I am able to walk.

ငါ လမ်းလျှောက်နိုင်သည်။

I am sorry to say.

ငါ ပြောရတာ ဝမ်းနည်းသည်။

I was permitted to go.

ငါ သွားဖို့ အခွင့်ပေးခံရသည်။ Permitted- past participle ဖြစ်သည်။

I am willing to take.

ကျုပ်ယူဖို့ စိတ်ပါသည်။

အောက်ပါအသုံးများ၌ Had ၏နောက်၌ to ပါလေ့မရှိ။ You had better go သွားပါ။ (သွားလျှင်ကောင်းသည်။)

I had better take this than that.

ဟိုဟာထက် သည်ဟာကို ငါယူမှာပဲ။ (ဟိုဟာယူမည့်အစား သည်ဟာ ယူမည်။)

I had sooner run than walk.

ငါ လမ်းလျှောက်မည့်အစား ဒုန်းပြေး။

He is better able to walk than run.(to run.)

သူပြေးတာထက် လမ်းလျှောက်နိုင်တာက ပိုသည်။

He did nothing but laugh. (to laugh.)

သူ ဘာမှမလုပ်ဘူး ရယ်နေတာပဲ။

ဤစကားများ၌ to မြှုပ်ထားသည်။

Having shot the tiger,

ကျားကို ပစ်ပြီးနောက်။

he went home.

သူ အိမ်ကိုသွားသည်။

(ကျားကို ပစ်ပြီး အိမ်ကိုသွားသည်။)

mgyoe.com

He is here,

သူ သည်မှာရှိသည်။

doing work.

အလုပ်လုပ်လျက်။

(သူသည်မှာ အလုပ်လုပ်လျက်ရှိသည်။)

Having been loved

အချစ်ခံရပြီးနောက်။

she was deserted.

အစွန့်ခံရသည်။ (အချစ်ခံရပြီးနောက် သူမ အစွန့်ခံရ၏။)

verb သည် အခံရှိသော transitive verb ဖြစ်လျှင် ၎င်း၏ past participle သည် ခံရသော passive အဓိပ္ပာယ်ရှိ၏။ ဥပမာ deserted အစွန့်ခံရသော။

Much - များစွာ။

praised - ချီးမွမ်းခံရသော။

man - လူ။

Much praised man - များစွာချီးမွမ်းခံရသောလူ။

praise ချီးမွမ်းသည်။ Transitive verb ၎င်း၏ past မှာ praised၊ ၎င်း၏ past-participle မှာလည်း praised.

အခံမရှိသော intransitive verb များ၏ participle များမှာ တစ်ခါတစ်ရံ နာမဝိသေသနလို သုံးသည်။

Faded rose - နွမ်းသောနှင်းဆီပန်း။

fade နွမ်းသည်၊ faded နွမ်းပြီ၊ faded, Past-participle နွမ်းပြီးသော။ နွမ်းသော။

Fail - ရှုံးသည်။

failed - ရှုံးပြီ။ past participle.

failed - ရှုံးပြီးသော၊ ရှုံးသော။

failed candidated - ရှုံးသောစာမေးပွဲဝင်သူ။

Retired officer - အငြိမ်းစားသော အရာရှိ။

mgyoe.com

mgyoe.com


A fallen empire - လဲကျသော အင်ပါယာနိုင်ငံ။
(ပျက်စီးသောတိုင်းနိုင်ငံ)
The rising sun.
တက်သောနေ။
Withered flower.
သွေ့ခြောက်စပြုသောပန်း။
Departed guest.
ထွက်သွားပြီးသော ဧည့်သည်။
Well read man.
စာပေနှံ့စပ်သောလူ။
to be defeated - ရှုံးဖို့။
သူ ရှုံးဖို့ ကြိုးစားအလုပ်လုပ်သည်။
[သူ ကြိုးစားအလုပ်လုပ်တာဟာ ရှုံးဖို့ဖြစ်တာပဲ]
ခဲလေသမျှ သဲရေကျ။
House to let.
ငှားဖို့ အိမ်။
This house is to let.
သည်အိမ် ငှားဖို့ဖြစ်သည်။
Chair to sit on.
ထိုင်ဖို့ ကုလားထိုင်။
Your condition.
မင်း အခြေအနေ။
is ဖြစ်သည်။
to be pitied - အသနားခံရဖို့။
(မင်း သနားစရာအခြေအနေထဲ ရောက်နေသည်)
Quick to hear.
ကြားဖို့မြန်သော။ [အကြားမြန်သော]
Slow to speak.

mgyoe.com

mgyoe.com

ပြောဖို့နှေးသော။ [အပြောနှေးသော]

Quick to hear slow to speak.

နားအထောင်မြန်၍ အပြောနှေးသော။

To tell the truth.

အမှန်ကိုပြောရမှာဖြင့်လျှင်။

To be candid.

ရိုးရိုးပြောရမှာဖြင့်။

## ing ၏ အသုံး။

Being - ဖြစ်ခြင်း။

tired - မောသော။

being tired - မောသောဖြစ်ခြင်း။(မောခြင်း) သို့မဟုတ်

being ဖြစ်သဖြင့်။ tired မောသော။ မောသောဖြစ်သဖြင့်။

(မောသဖြင့်)

The men went home.

လူများ အိမ်ပြန်သွားကြသည်။

Being tired the men went home.

မောသဖြင့် လူများ အိမ်ပြန်သွားကြ၏။

Having shot.

ပစ်ပြီးသဖြင့်။ ပစ်ပြီးနောက်။

He is cleaver at teaching Euclid.

သူ ယူကလစ်ကို သင်ကြားပေးခြင်း၌ ကျွမ်းကျင်၏။

He is pleased.

သူ သဘောကျ၏။

at being taught.

သူ အသင်ခံရခြင်း၌ သဘောကျ၏။

Euclid - ယူကလစ်။

သူ ယူကလစ် သင်အပေးခံရခြင်း၌ သဘောကျ၏။

mgyoe.com

mgyoe.com


is ashamed - သူ ရှက်သည်။

of dancing - ကရခြင်း။

သူ ကခြင်းကို ရှက်၏။

Habit of sleeping.

အိပ်ခြင်း၏အလေ့။

I may have seen him.

ငါ သူ့ကို မြင်မိတယ် ထင်တယ်။ သေသေချာချာ မပြောနိုင်ဘူး။

I might have been him.

ငါ သူ့ကို တွေ့မြင်ရဖို့ လမ်းအခွင့်ရှိခဲ့၏။ သို့သော်လည်း မတွေ့ခဲ့မိဘူး။

I should have seen him if he had come.

သူလာခဲ့လျှင် ငါ သူ့ကို မြင်ခဲ့ဖို့ပဲ။ မလာသည့်အတွက် မမြင်ရ။

I would have seen him, if he had come.

သူလာခဲ့လျှင် ငါ သူ့ကို ကြည့်မလို့ဘဲ။ သူမလာသည့်အတွက် မကြည့်လိုက်ရဘူး။

၎င်းစကားများ၌ seen သည် past participle ဖြစ်၏။

I have to go - ငါ သွားရမည်။

I had to go - ငါသွားခဲ့ရတယ်။ မသွားဘဲ မနေနိုင်လို့။

I am to go - ငါ သွားရမည်။

I was to go - ငါ သွားရဖို့ပဲ။ (အတိတ်)

I was to have gone.

ငါသွားခဲ့ဖို့ပဲ အကြောင်းတစ်ခုခုကြောင့် မသွားခဲ့ရ။

I don't know what to do.

ငါ ဘာလုပ်ရမလဲ မသိ။

I don't know where to go.

ငါ ဘယ်ကိုသွားရမှန်း မသိ။

Well behaved man.

အကျင့်၊ အမူ၊ အလေ့ ကောင်းသောလူ။

mgyoe.com

Out-sopken man - ဘွင်းဘွင်းပြောတတ်သူ။

Slow- spoken man - နှေးနှေးပြောတတ်သူ။

Evil hearted man - စိတ်ယုတ်မာရှိသောလူ။

Long tailed ape - အမြီးရှည်သော မျောက်။

red-coloured rose - အရောင်နီသော နှင်းဆီ။

Smooth-skinned cat - အမွေးချောသောကြောင်။

Sainted mother - သူတော်သူမြတ်အဖြစ် ရောက်ပြီးသော မိခင်။

Rough - faced youth. မျက်နှာကြမ်းသော ယောကျ်ားပျို။

Long-legged spider. ခြေတံရှည်သောပင့်ကူ။

Long-armed monkey. လက်တံရှည်သောမျောက်။

Wooded hill. တောရှိသောတောင်။

Noble-minded man. စိတ်မြင့်မြတ်သောလူ။

နောက်ဆုံး ဉပမာ ၉ ခုမှာ။ နာမ်များကို ကြိယာများ၏ Past participle များကို နာမဝိသေသနများလို သုံး၍ထားသည်။

မှတ်စရာအထွေထွေ

Walking is good.

လမ်းလျှောက်ခြင်းသည် ကောင်း၏။

I like walking.

လမ်းလျှောက်ခြင်းကို ငါ ကြိုက်၏။

ဤစကားနှစ်ပိုဒ်၌ walk လမ်းလျှောက်သည်မှ walking လမ်းလျှောက်ခြင်းဖြစ်ပြီး နာမ်ဖြစ်လေရာ ပထမအပိုဒ်မှာ ကတ္တား၊ ဒုတိယအပိုဒ်မှာ ကံဖြစ်လေသည်။

He is cleaver.

သူ ကျွမ်းကျင်၏။

At teaching.

သင်ပေးခြင်း၌။

Euclid - ယူကလစ်။

mgyoe.com

mgyoe.com


ဤစာပိုဒ်၌ သေချာပြီးပြီဟူသော စာပိုဒ်မှာ အရေးအကြီးဆုံးဖြစ်သဖြင့် ၎င်းစာပိုဒ် was settled-past tense အတိတ်ကာလဖြစ်လေရာ အဆွယ်ဖြစ်သော 'ငါသွားရမည်ဆိုတဲ့' စာပိုဒ်မှာလည်း should အတိတ်ကိုသုံးရသည်။ should မှာ shall ၏အတိတ်။

၎င်းနည်းအတိုင်း အောက်ပါဥပမာများကို မှတ်။

He would come

သူလာမှာပဲ။

if you wished it.

မင်း အလိုရှိလျှင်။

(မင်းအလိုရှိလျှင် သူလာမှာပဲ)

အရေးကြီးသောစာပိုဒ်မှာ would အတိတ်ဖြစ်၏။ သို့ အလိုရှိလျှင်ဟူသော စာပိုဒ်မှာ wished အတိတ် past မှာသုံးသည်။

အရေးကြီးသော စာပိုဒ်ဆိုသည်မှာ အဓိပ္ပာယ်ဆုံးသော စာပိုဒ်ကိုဆိုသည်။ 'မင်းအလိုရှိလျှင်' မှာ အဓိပ္ပာယ်မဆုံး။ သို့ဖြစ်၍ အဆွယ်ဖြစ်၏။ 'သူလာမှာပဲ' မှာ အဓိပ္ပာယ်ဆုံးသဖြင့် အရေးကြီးသော စာပိုဒ်ဖြစ်သည်။

He was honest.

သူ ရိုးဖြောင့်သည်။

although he was poor.

သူ ဆင်းရဲသော်လည်း။

He asked me.

သူ ငါ့ကိုမေးသည်။

whether I have seen him.

ငါ သူ့ကို မြင်လိုက်သလားလို့ သူ ငါ့ကို မေးသည်။

He told me.

သူ ငါ့ကို ပြောသည်။

that he came.

သူလာသည်ဟု။

အကယ်၍ မူလအရေးကြီးသောစာပိုဒ်မှာ ပစ္စုပ္ပန်ဖြစ်စေ၊ အနာဂတ်

mgyoe.com

ဖြစ်စေ ရှိလျှင် အဆွယ်စာပိုဒ်မှာ မည်သည့်ကာလမှာမဆို ထားနိုင်သည်။

I know.

ငါ သိသည်။

that he loves.

သူချစ်သည်ဟု။ သို့မဟုတ်

that he loved, that he will love, that he has loved, that he had loved.

သူ ချစ်ပြီဟု၊ သူချစ်မည်ဟု၊ သူချစ်ပြီးခဲ့ပြီဟု၊ သူ ချစ်ပြီးနှင့်ပြီဟု။

I have no money to spend.

ငါ့မှာ ငွေသုံးဖို့ မရှိ။

I have no money to buy with.

ငါ့မှာ ဝယ်ဖို့ ငွေမရှိ။

ထိုစာပိုဒ်အဖျား၌ with ကို ထည့်ထားသည်မှာ ငွေနှင့်ဝယ်ဖို့၊ ငွေမရှိဟူသောသဘောကြောင့် ဖြစ်၏။

He is not such a fool.

သူ သည်လောက်ရူးသူမဟုတ်။

to say that.

ဟိုဟာကိုပြောဖို့။

သူ ထိုဟာကိုပြောဖို့လောက်ရူးသူ မဟုတ်။ (သူ ထိုဟာကို ပြောတဲ့ အနေရောက်အောင် ရူးသူမဟုတ်)

Such a - ထိုမျှလောက်။

I will go myself.

ငါကိုယ်တိုင်သွားမည်။

The fire is burning.

မီးတောက်နေသည်။ (အခံမရှိ။ Intransitive.)

The fire burnt my finger.

ငါ့လက်ညှိုးကို မီးလောင်သည်။ အခံရှိသည်။

mgyoe.com

mgyoe.com


transitive ။ ကြိယာတစ်ခုတည်းမှာ transitive ရော intransitive ရော ဖြစ်နိုင်သည်။

ထိုကဲ့သို့သောစကားတွေ များစွာရှိသည်။

Stop him.(t) သူ့ကို ရပ်ထားလိုက် မသွားစေနှင့်။

He stops (i) သူ ရပ်သည်။

Open the door (t) တံခါးကိုဖွင့်။

School opens (i) ကျောင်းဖွင့်သည်။

move this (t) သည်ဟာကို ရွှေ့။

move here (i) သည်ကိုရွှေ့။

Bathe the child (t) ကလေးကို ရေချိုးပေးလိုက်။

Let us bathe (i) ရေချိုးကြစို့။

ဤစကားများ၌ (t) သည် transitive ကိုပြ၏။ (i) သည် intransitive ကိုပြသည်။

## ကာလအကြောင်း

It was settled

သေချာပြီးပြီ။

that I should go.

ငါ သွားရမည်ဟု။

ငါသွားရမည်ဟု သေချာပြီးပြီ။

ငါ သွားရမည်ဆိုတာ သေချာပြီ။

ဝိသေသနများနှင့် နာမ်အတွဲမှာ မြန်မာအတိုင်းဖြစ်၏။

ကောင်းသော လူကလေး

good boy

လူကလေး ကောင်းသည်

boy is good.

သူ ကောင်းသော လူကလေးဖြစ်သည်။

He good boy is ဟု မဆိုရ။

mgyoe.com

He is a good boy ဟု ဆိုရသည်။

ထိုအနေအထားကို မှတ်ရမည်။ ခြွင်းချက်များလည်း ရှိသည်။

ကတ္တားမှာ ဧကဝုစ်ဖြစ်လျှင် ကြိယာမှာ ဧကဝုစ်။ ကတ္တားမှာ ဗဟုဝုစ်ဖြစ်လျှင် ကြိယာမှာ ဗဟုဝုစ်။

He loves သူ ချစ်သည်။

They love သူတို့ ချစ်ကြသည်။

Boy loves လူကလေး ချစ်သည်။

boys love လူကလေးများ ချစ်ကြသည်။

နာမ်များမှာ ဗဟုဝုစ်၌ s ပါတတ်သည်။ boy လူကလေး၊ boys လူကလေးများ ... ခြွင်းချက်တွေများစွာ ရှိသည်ကို တွေ့လျှင် မှတ်ရမည်။

I am the man.

ငါ လူဖြစ်၏။

Muang Ba, the carpenter died.

လက်သမားမောင်ဘ သေပြီ။

Maung Sein, the artist.

ပန်းချီဆရာ မောင်စိန်။

ဤစာပိုဒ်မျိုး၌ the ကို မှတ်ပါ။

My son. ငါ့သား။

Barber's shop. ခေါင်းရိတ်သမား၏ ဆိုင်။

's သည် ပိုင်ဆိုင်ခြင်း၏ အမှတ်ဖြစ်သည်။

အသက်မရှိသောအရာများမှာ ၎င်းအမှတ်ကိုမသုံး။ of ကို သုံးရသည်။

the leg of the table.

စားပွဲ၏ ခြေထောက်။

ခြွင်းချက်

မူလအရေးကြီးသော စာပိုဒ်မှာ past ဖြစ်သော်လည်း စာပိုဒ်အဆွယ်မှာ present ဖြစ်နိုင်သည်။

I was glad to hear.

mgyoe.com

mgyoe.com


ငါ ကြားရတာ ဝမ်းသာလိုက်၏။

that you are industrious.

မင်း ကြိုးစားကြောင်း။

အောက်ပါစာပိုဒ်များ၌ မူလစာပိုဒ် present ၊ သို့မဟုတ် future ဖြစ်လျှင် အဆွယ်မှာ may သုံးရသည်။ မူလစာပိုဒ် past ဖြစ်လျှင် အဆွယ် မှာ might သုံးရသည်။

He comes

သူ လာသည်။

that he may see me.

သူ ငါ့ကို ကြည့်ရအောင်။

He well come

သူ လာလိမ့်မည်။

that he may see me.

သူ ငါ့ကို ကြည့်ရအောင်။

He came

သူ လာခဲ့၏။

that he might see me.

သူ ငါ့ကို ကြည့်ဖို့။

Lest နှင့် Should

He comes lest he should die.

သူ သေမှာစိုးလို့ လာသည်။

He goes lest he should see me.

သူ ငါ့ကိုမြင်ရမှာစိုးလို့ သွားသည်။

ဤစာပိုဒ်မျိုး၌ သွားသည်၊ လာသည်မှာ မူလစာပိုဒ်ဖြစ်၏။ သို့သော်လည်း ထိုစာပိုဒ်မှာ ဘယ်ကာလပင်ဖြစ်စေကာမူ lest နှင့် should ကို အဆွယ်စာပိုဒ်၌ သုံးရသည်။

အင်္ဂလိပ်စကားမှာ ကတ္တားစ၍ ၎င်းနောက် ကြိယာ၊ ၎င်းနောက် ကံ ကိုထားသည်။ မြန်မာမှာ ကြိယာကို နောက်ဆုံးထားတတ်၏။

mgyoe.com

ငါ ခွေးကို ရိုက်၏။
I dog beat ဟု မဆိုရ။
I beat dog ဟူ၍ ဆိုရသည်။
ငါ မြို့ကို သွားသည်။
I town to go ဟု မဆိုရ။
I go to town ဟု ဆိုရမည်။
her, hers သူမ၏။
her သူမကို။
they သူတို့။
their, theirs သူတို့၏။
them သူတို့ကို။
This is my book.
သည်ဟာ ငါ့စာအုပ်။
This book is mine.
သည်စာအုပ် ငါ့ဟာ။
This is your book.
သည်ဟာ မင့်စာအုပ်။
This book is yours.
သည်ဟာ မင့်စာအုပ်။
This is his book.
ဒါ သူ့စာအုပ်။
This book is his.
သည်စာအုပ် သူ့ဟာဖြစ်သည်။
This is her book,
ဒါ သူမစာအုပ်ဖြစ်သည်။
This book is hers.
သည်စာအုပ် သူမဟာ။
This is our book.

mgyoe.com

mgyoe.com

သည်ဟာ ငါတို့စာအုပ်။
This book is ours.
သည်စာအုပ် ငါတို့ဟာ ဖြစ်သည်။
This is their book.
သည်ဟာ သူတို့စာအုပ်။
This book is theirs.
သည်စာအုပ် သူတို့ဟာ။
It ထိုဟာ၊ ထိုဟာကို။ Its ထိုဟာ၏။
Thou အသင်။
Thy အသင်၏။
Thine အသင်၏။
Thee အသင့်ကို။
My own ငါတို့ပိုင်။
Your own မင်းပိုင်။
Her own သူမပိုင်။
His own သူပိုင်။
Their own သူတို့ပိုင်။
Our own ငါတို့ပိုင်။
ခြေထောက်စားပွဲ၏ [မြန်မာစကားနှင့် ပြောင်းပြန်နေသည်ကို မှတ်] အသက်မရှိဘဲ ထို 's အမှတ်ကို သုံးသောအခါများလည်း ရှိသည်။
ဥပမာ ...
England's heroes. အင်္ဂလန်ပြည်၏ သူရဲကောင်းများ။

**နာမဝိသေသနများ၏ နှိုင်းယှဉ်ခြင်း။**

Small ငယ်သော။
Smaller သာ၍ငယ်သော။
Smallest အငယ်ဆုံး။
He is smaller than me.

mgyoe.com

mgyoe.com

သူ ငါ့ထက် ငယ်သည်။
He is smallest of all.
သူ အားလုံးအထဲမှာ အငယ်ဆုံး။
He is brave.
သူ ရဲ၏။
He is braver.
သူ သာ၍ ရဲ၏။
He is braver than me.
သူ ငါ့ထက်သာ၍ ရဲ၏။
He is bravest.
သူ အရဲဆုံး။
He is bravest of them.
သူတို့အထဲမှာ သူ အရဲဆုံး။
I ကျွန်ုပ်။
My ကျွန်ုပ်၏။
Mine ကျွန်ုပ်၏။
Me ကျွန်ုပ်ကို။
We ကျွန်ုပ်တို့။
Our ours ကျွန်ုပ်တို့၏။
Us ကျွန်ုပ်တို့ကို။
You မင်း၊ မင်းတို့။
Your Yours မင်း၏၊ မင်းတို့၏။
You မင့်ကို၊ မင်းတို့ကို။
He သူ။
His သူ၏။
Him သူ့ကို။
She သူမ။
Boys who came.

mgyoe.com

mgyoe.com

လာသော လူကလေးများ။

Boys whom you love.

မင်းချစ်သော လူကလေးများ။

The man whose book you read, came.

အကြင်လူ၏ စာအုပ်ကို အသင်ဖတ်၏။ ထိုလူလာ၏။

Woman whose book you read, came.

အကြင်မိန်းမကြီး၏ စာအုပ်ကို အသင်ဖတ်၏။ ထိုမိန်းမ လာ၏။

Boys whose book you read, came.

အကြင်သူငယ်များ၏ စာအုပ်များကို မင်းတို့ဖတ်၏။ ထိုသူငယ်များ လာ၏။

Who ကို ကေဝုစ်၊ ဗဟုဝုစ် အဖိုအမ မရွေး သုံး၏။

Which ကို အသက်မရှိသောအရာအတွက် သုံး၏။

Book which you read မင်းဖတ်သောစာအုပ်။

Book which is big. ကြီးသောစာအုပ်။

Book whose cover you tore is here.

အကြင်စာအုပ်၏ အဖုံးကို မင်း ဆုတ်ပစ်၏။ ထိုစာအုပ် သည်မှာရှိ၏။ သို့မဟုတ် ...

Book of which the cover you tore is here.

အကြင်စာအုပ်၏ အဖုံးကို အသင်ဆုတ်ပစ်၏။ ထိုစာအုပ် သည်မှာရှိသည်။

That ကို who, whom, which အစား အခါခါသုံး၏။ whose နှင့် of which အစားမသုံးရ။

The house that I built.

ငါ ဆောက်သော အိမ်။

The man that came here.

သည်ကို လာသောလူ။

What I told you.

ငါ မင်းကို ပြောသည့်ဟာ။

mgyoe.com

What you want.

မင်းလိုသော အရာ။

What I saw.

ငါ မြင်သောအရာ။

Myself, yourself, herself, itself, themselves, yourselves, ourselves.

ငါကိုယ်တိုင်၊ မင်းကိုယ်တိုင်၊ သူမကိုယ်တိုင်၊ ထိုဟာကိုယ်တိုင်၊ သူတို့ကိုယ်တိုင်၊ မင်းတို့ကိုယ်တိုင်၊ ငါတို့ကိုယ်တိုင်၊

This

သည်ဟာ။

These

သည်ဟာများ။

That ထိုဟာ။

Those ထိုဟာများ။

This one သည်ဟာ။

That one ဟိုဟာ။

These men သည်လူများ။

Those men ဟိုလူများ။

Who အဘယ်လူ။

Whose ဘယ်လူ၏။

Whom ဘယ်သူကို။

What ဘာ။

Which ဘယ်။ (အများထဲမှ ကောက်၍ မေးသောအခါ သုံးရသည်)

လူ ငါးယောက်လာရာ ဘယ်သူ မောင်ဖြူလဲဟု မေးလျှင်

Which is Mg .Pyu ? ဟုမေး။

မောင်ဖြူဆိုတာ ဘယ်သူလဲဟု ရိုးရိုးမေးရန်မှာ။

Who is Maung Pyu?

မောင်ဖြူဆိုတာ ဘာလဲ။

mgyoe.com

mgyoe.com

What is Maung Pyu?

Which man ဘယ်လူ။

Which school. ဘယ်ကျောင်း။

A man who came သည့်ကို လာသောလူ။

Woman who came လာသောမိန်းမ။

A boy who came လာသောလူကလေး။

The man whom I love.

ငါ ချစ်သောလူ။

The woman whom I love.

ငါ ချစ်သော မိန်းမ။

Boy whom I love.

ငါချစ်သော လူကလေး။

**စကားစပ်ပုံအမျိုးမျိုး။**

**နာမဝိသေသနများ။**

Indian village.

အိန္ဒိယတိုင်းသားနှင့် ဆိုင်သော ရွာ၊ ကုလားရွာ။

A Chinese monk. တရုတ်ဘုန်းကြီး။

China town. တရုတ်မြို့၊ တရုတ်ရပ်။

Chinese quarter တရုတ်ရပ်၊ တရုတ်ပိုင်း။

Burmese song မြန်မာတေး။

Burma cigars မြန်မာပြည်ဖြစ် ဆေးပြင်းလိပ်များ။

English language အင်္ဂလိပ်စကား။

The ပါလျှင် လူမျိုးကို ဆိုလိုသည်။

The Burmese are hospitable.

မြန်မာလူမျိုးများသည် ဧည့်ဝတ်ကျေသည်။

The Burmese are a hospitable people.

မြန်မာများသည် ဧည့်ဝတ်ကျေသောလူမျိုး ဖြစ်သည်။

mgyoe.com

mgy

နာမဝိသေသနများ၏ရှေ့၌ အထောက်အပံ့ကြိယာ to be ရှိလျှင် verb ကြိယာကဲ့သို့ ပြန်ဆိုရသည်။

Brave boy, sick dog, a tame cat, a large field, a black horse! an industrious student, a careful woman.

ရဲရင့်သော လူကလေး၊ ခွေးနာ၊ ယဉ်သောကြောင်၊ ကြီးသော လယ်ပြင်၊ မဲနက်သော မြင်း၊ မြင်းနက်၊ ဝီရိယရှိသော ကျောင်းသား၊ ဂရုစိုက်သော မိန်းမ။

The boy is brave, the dog is sick, the cat is tame.

လူကလေး ရဲသည်။ ခွေး နာသည်။ ကြောင် ယဉ်သည်။

He is a brave boy. This is a sick dog.

This is a tame cat.

သူ ရဲသောလူကလေး ဖြစ်သည်။ သည်ဟာ နာသောခွေး ဖြစ်သည်။ သည်ဟာ ယဉ်သောကြောင် ဖြစ်သည်။

အောက်ပါ ပမာဏပြသော နာမဝိသေသနများသည် တစ်ခုနှစ်ခု စသည်ဖြင့် ရေတွက်၍မရသော ပစ္စည်းများအတွက် သုံးရသည်။

He ate much bread.

သူ ပေါင်မုန့်အများကြီး စားသည်။

အင်္ဂလိပ်စကားမှာ ပေါင်မုန့်ကို One bread, two bread, three bread ဟူ၍ တစ်ခု၊ နှစ်ခု၊ သုံးခုဟု ရေတွက်၍မရ။

One loaf of bread, two loaves of bread, three loaves of bread.

ပေါင်မုန့်တစ်လုံး၊ နှစ်လုံး၊ သုံးလုံးဟု loaf အလုံးဟူသော စကားပါမှ တစ်၊ နှစ် စသည့်စကားနှင့် တွဲနိုင်သည်။

Drink much water ရေများများသောက်။

Eat little rice. ထမင်းနည်းနည်းစား။

Give me some bread. ပေါင်မုန့် နည်းနည်းပေးပါ။

Have you any money? မင်းမှာ ငွေရှိသလား။

One money, two money ဟူ၍ မရှိ။ One rupee, two

mgyoe.com

mgyoe.com


rupees ဟူ၍သာ ရှိသည်။

I have no milk.

ငါ့မှာ နို့မရှိ။

He has enough money.

သူ့မှာ ငွေ လုံလောက်စွာရှိသည်။

he ate all the bread.

သူ ပေါင်မုန့်အားလုံး စားပစ်သည်။

Half a bread. ပေါင်မုန့်တစ်ဝက်။

I have sufficient rice.

ငါ့မှာ ထမင်း လုံလောက်စွာ ရှိသည်။

Half day.

နေ့ တစ်ဝက်။

Have you any bread?

မင်းမှာ ပေါင်မုန့်နည်းနည်းပါးပါး ရှိသလား။

I have none.

နည်းနည်းမှ ငါ့မှာ မရှိ။

အောက်ပါစကားများမှာ တစ်၊ နှစ် ရေတွက်၍ရသော အရာများနှင့် တွဲ၍သုံးသည်။

I have many rupees.

ငါ့မှာ ဒင်္ဂါးများများရှိသည်။

he has many loaves of bread.

သူ့မှာ ပေါင်မုန့်အလုံးများစွာရှိသည်။

He had a few books.

သူ့မှာ စာအုပ်နည်းနည်းပါးပါး ရှိသည်။

Some men.

လူအချို့။

Have you any friends here?

သည်မှာ မင်းမိတ်ဆွေများ ရှိသလား။

mgyoe.com

I have none.

တစ်ယောက်မျှ မရှိ။

I have enough coolies.

ငါ့မှာ ကူလီ လုံလောက်စွာရှိသည်။

All men လူအားလုံး။

I can get sufficient men.

ငါ လူလုံလောက်စွာ ရနိုင်သည်။

Half the number,

အရေအတွက် တစ်ဝက်။

Some, any

အချို့။

အမေးနှင့် အငြင်းမှာ အများအားဖြင့် any ကို သုံး။

Have you any thing?

မင်းမှာ တစ်စုံတစ်ရာ ရှိသလား။

I don't know any one here.

သည်မှာ ငါတစ်စုံတစ်ယောက်ကိုမျှ မသိ။

a little – a few နည်းနည်း။

little – few ဟု a မပါဘဲဆိုလျှင် မရှိသလောက် နည်းသည် ဟု အဓိပ္ပာယ်ရသည်။

I have a little oil.

ငါ့မှာ ဆီနည်းနည်းရှိသည်။

I have little oil.

ငါ့မှာ ဆီမရှိ ဟူသော စကားနှင့် မခြားနားလှချေ။

Few men came.

လူ မလာသလောက် နည်းသည်။

A few men came.

လူ နည်းနည်းပါးပါး လာသည်။

Some မှာ တစ်ခါတစ်ရံ အမေးဌ်သုံး၏။

mgyoe.com

mgyoe.com


Do you know some one?

တစ်ယောက်ယောက်ကို သိသလား။

Do you know some officer?

အရာရှိတစ်ယောက်ယောက် မင်း မသိဘူးလား။ (သိကောင်းရာ၏ဟူသော အယူသဘောနှင့် မေးခြင်း)

Do you want any thing?

မင်း တစ်ခုခု လိုချင်သလား။ (ရိုးရိုးအမေး)

Do you want something?

မင်း တစ်ခုခုလိုချင်သလား။ (လိုချင်သည်အထင်နှင့် မေးပုံ)

အောက်ပါအသုံးတို့ကို မှတ်လေ။

All men are mortal.

လူဟူသမျှ သေတတ်သောသတ္တဝါမျိုးဖြစ်၏။

Some men die young.

အချို့လူများမှာ ငယ်ငယ်ရွယ်ရွယ်နှင့် သေ၏။

No men were present.

လူတစ်ယောက်မျှ မရှိ။

Ten men will be enough.

လူဆယ်ယောက်ဆိုလျှင် တော်ပြီ။ လုံလောက်ပြီ။

Many men are poor.

များသောလူများ ဆင်းရဲ၏။

Few men are rich.

ချမ်းသာသူ လွန်စွာနည်းသည်။

Several men came.

လူနှစ်ယောက် သုံးယောက်၊ တစ်ယောက် နှစ်ယောက် လာသည်။

This man ဤလူ။

These men ဤလူများ။

That man ဟိုလူ။

mgyoe.com

Those men ဟိုလူများ။

Such man သည့်လိုလူမျိုး။

Such men သည့်လိုလူမျိုးများ။

Same house သည့်အိမ်ပဲ။

Same houses သည့်အိမ်များပဲ။

a, an တစ်ခု။

a ကို ဗျည်းနှင့်စသော စကားများ၏ရှေ့၌၊ an ကို သရနှင့်စသော စကားများ၏ရှေ့၌ သုံး။

a dog ခွေးတစ်ကောင်။

an ox နွားထီးတစ်ကောင်။

The few ရှိသမျှ နည်းနည်းကလေး။

The little ရှိသမျှ နည်းနည်းကလေး။

I lost the little money I had.

ငါ့မှာ ငွေ နည်းနည်းကလေးမျှ ရှိခဲ့ရာ ထိုနည်းနည်းကလေးကိုပဲ အကုန် ရှုံးပစ်လိုက်သည်။

I sold the few houses I had.

ငါ့မှာ အိမ်နည်းနည်းပဲရှိရာ ထိုနည်းသောအိမ်များကို ငါ အကုန် ရောင်းလိုက်ပြီ။

The two men had each a gun.

လူနှစ်ယောက်မှာ ကိုယ်စီ သေနတ်တစ်ခုစီ ရှိသည်။

The twenty men had each a gun.

လူနှစ်ဆယ်မှာ ကိုယ်စီသေနတ်တစ်ခုစီ ရှိသည်။

Every man had a gun.

လူတိုင်းကိုယ်စီ သေနတ်ရှိသည်။

ကြိယာဝိသေသနကို နာမဝိသေသနလို သုံးခြင်း။

Down train အစုန်ရထား။

then king ထိုအခါ ဘုရင်။ (ထိုအခါက စိုးစံရသော ဘုရင်)။

mgyoe.com

mgyoe.com

**နာမ်ကို နာမဝိသေသနလို သုံးခြင်း။**

River fish မြစ်နှင့်ဆိုင်သော ငါး (မြစ်ငါး)။

Gold ring ရွှေနှင့်ဆိုင်သော လက်စွပ် (ရွှေလက်စွပ်)

Drinking water သောက်ရေ။

Water to drink သောက်ရေ။

Chair to sit on ထိုင်ဖို့ ကုလားထိုင်။

**အောက်ပါနှိုင်းယှဉ်ခြင်းများကိုမှတ်။**

| | | |
|---|---|---|
| bad | worse | worst |
| ဆိုးသော | သာ၍ဆိုးသော | အဆိုးဆုံးသော |
| good | better | best |
| ကောင်းသော | သာ၍ကောင်းသော | အကောင်းဆုံးသော |
| little | less | least |
| နည်းသော | သာ၍နည်းသော | အနည်းဆုံးသော |
| much | more | most |
| များသော | သာ၍များသော | အများဆုံး |
| many | more | most |
| များသော | သာ၍များသော | အများဆုံး |

One, ones ကို နာမ်များအစား သုံးနိုင်သည်။

Last year he got a prize.

မနှစ်က သူ ဆုရသည်။

This year he did not get one.

သည်နှစ်မှာ ဆုမရဘူး။

Six lazy boys and four industrious ones.

ပျင်းသောလူကလေး ခြောက်ယောက်နှင့် ဝီရိယရှိသူ ကလေး လေးယောက်။

He is the judge.

mgyoe.com

mgyoe.com


သူ တရားသူကြီး ဖြစ်သည်။
He is a judge.
သူ တရားသူကြီးတစ်ယောက် ဖြစ်၏။
appointed ခန့်ထားသော
to hear this case.
ဤ ည်အမှုကို နားထောင်ဖို့။ (စစ်ဆေးဖို့)
Every three days.
သုံးရက်ကြာတိုင်း။
I will come every three days.
သုံးရက်တစ်ခါ ငါလာမည်။
Every other day.
တစ်ရက်ခြား။

Either နှစ်ယောက်အနက် တစ်ယောက်ယောက်။ သို့မဟုတ် နှစ်ယောက်စလုံး။

You can take either side.

နှစ်ဖက်ရှိသည့်အနက် တစ်ဖက်ဖက်ကို မင်းယူနိုင်သည်။ (ပါဝင်နိုင်သည်)

The river flows on either side.
မြစ်ကမ်းနှစ်ဖက်စလုံး ရေလျှံသည်။
Neither ဘယ်ဘက်မျှ။
You should take neither side.
နှစ်ဖက်အနက် ဘယ်ဘက်မှ မင်းမဝင်ရ။ မယူရ။
I like neither this nor that.

ငါ သည်ဟာကိုလည်း မကြိုက်၊ ဟိုဟာကိုလည်း မကြိုက်။ နှစ်ခုစလုံးမကြိုက်။

Take either this or that.
သည်ဟာဖြစ်ဖြစ်၊ ဟိုဟာဖြစ်ဖြစ် နှစ်ခုအနက် တစ်ခုကို ယူပါ။
Verb များ၌ ing တတ်လျှင် နာမဝိသေသနလို ဖြစ်တတ်သည်။

mgyoe.com

fade နွမ်းသည်။
Fading flower. နွမ်းသောပန်း။
The flower is fading. ပန်း နွမ်းနေသည်။

**Past participle ကို နာမဝိသေသနလိုသုံးခြင်း။**

fall ကျသည်။
fell ကျပြီ။
fallen လဲကျပြီးသော။
a fallen tree လဲကျပြီးသော သစ်ပင်။
The tree is fallen သစ်ပင် လဲကျနေသည်။
The tree has fallen. သစ်ပင် အခုပဲ လဲကျပြီ။ (ပြခဲ့ပြီးသော verb အကြောင်းကို ပြန်ကြည့်။)
Who is it? ဘယ်သူလဲ။
It is I. ငါပဲ။
Is it you? မင်းလား။
No, it is Maung Ba.
မဟုတ်။ မောင်ဘဖြစ်သည်။
ဤစကားမျိုး၌ It သည် ထိုအသုံးမျိုး၌ အင်္ဂလိပ်ဘာသာ၏ ဆန်းကြယ်ခြင်းဖြစ်သည်မှတ်လေ။
The air of the hills is cooler than that of the plains.
တောင်များပေါ်ကလေသည် ကွင်းပြင်များက လေထက် ပို၍ အေး၏။
That သည် air အစားသုံးသော နာမ်စား။
My business is that of a carpenter.
ငါ၏အလုပ်သည် လက်သမားအလုပ်ဖြစ်၏။
That သည် business အစား ဖြစ်သည်။
I studied Greek and Latin when I was young.
ငါ ငယ်စဉ်က ဂရိနှင့် လက်တင်ကို သင်ခဲ့၏။

mgyoe.com

mgyoe.com


and that at Oxford.

၎င်းဂရိနှင့် လက်တင်သင်ခြင်းဟာ အောက်စ်ဖို့သိပ္ပံမှာ ဖြစ်သည်။

that သည် studied Latin and Greek when I was young, ဟူသော စာပိုဒ်တစ်ပိုဒ်လုံးအတွက် သုံးသော နာမ်စား။

You paid your debts,

မင်း ကြွေးများကို ပေးဆပ်ခဲ့၏။

and this is good.

ဤကဲ့သို့ ကြွေးဆပ်ခြင်းဟာ ကောင်း၏။

this သည် ကြွေးဆပ်သည်ဟူသော စာတစ်ပိုဒ်လုံး အစား သုံးသော နာမ်စားဖြစ်၏။

Make the best use of your time

မင်း အချိန်ကို အကောင်းဆုံးအသုံးပြုပါ။

that is a wise boy.

အချိန်အကောင်းဆုံး အသုံးပြုခြင်းသည် လိမ္မာသော လူကလေး ဖြစ်သည်။ that သည် အချိန်ကို အကောင်းဆုံးဟူသော စာပိုဒ်အစား ဖြစ်သည်။

It is I who did this.

ဒါကို လုပ်တာ ငါပဲ။

It was the queen who died yesterday.

မနေ့ကသေတာ ရှင်ဘုရင်မ ဖြစ်သည်။

and as such.

ခန့်ထားသော တရားသူကြီး ဖြစ်သည့်အလျောက်။

you must not speak to him.

မင်း သူ့ကို စကားမပြောရ။

before the trial.

(တရားစီရင်ရာမှာ) သူသည် ဤအမှုကို နားထောင်စစ်ဆေးရန် ခန့်ထားသော တရားသူကြီးဖြစ်သည်။ သို့ တရားသူကြီးဖြစ်သောကြောင့် တရားစီရင်ရာ၌ မင်း သူ့ကို စကားမပြောရ။

mgyoe.com

mgyoe.com

as such သည် he is the judge appointed ဟူသော စာပိုဒ်ကြီးတစ်ခုလုံးအတွက် သုံးသော နာမ်စားဖြစ်သည်။

Kings are constituted such by law.

ရှင်ဘုရင်များသည် ဥပဒေအားဖြင့် ရှင်ဘုရင်ခန့်ထားခြင်း ခံကြရ၏။ ၎င်းစကား၌ such သည် Kings အစား သုံး၍ထားသော နာမ်စား။

Is he an enemy?

သူ ရန်သူလား။

Yes, he is so.

ဟုတ်တယ်၊ သူ ရန်သူဖြစ်သည်။ so သည် ရန်သူအတွက် သုံးသော နာမ်စား။

My business is urgent.

ငါ၏ အလုပ် အရေးကြီးသည်။

and you must treat it so.

အရေးကြီးသလို မင်း ပြုလုပ်စီမံဆောင်ရွက်ပေးရမည်။

ဤစကား၌ so သည် my business is urgent ဟူသော စာပိုဒ်တစ်ခုလုံးအစား သုံးထားသော နာမ်စား။

treat ပြုလုပ်ဆောင်ရွက်ပေးသည်။

they say. သူတို့ ပြောကြသည်။ အပြောရှိသည်။ (မည်သူမည်ဝါဟု မဆိုလို)

One must do one's duty.

မည်သူမဆို မိမိတာဝန်ဝတ္တရားကို ဆောင်ရွက်ရမည်။ (ထိုကဲ့သို့သော စာပိုဒ်မျိုး၌ ဒုတိယ one's အစား his, her စသည့် စကားမျိုးကို မသုံးရ)

none but the brave deserves the fair.

ရဲသောသူမှတစ်ပါး မိန်းမနှင့် မထိုက်။ (ရဲမှ မိန်းမရ၏)

none သည် no one အစား မည်သူမျှ အဓိပ္ပာယ်ရ၏။ ၎င်းစကားသည် ကေဝုစ်ဖြစ်၏။

None of us did.

mgyoe.com

mgyoe.com


ငါတို့အထဲက တစ်ယောက်မျှ မလုပ်။

When will he go?

သူ ဘယ်တော့ သွားမလဲ။

How long will he live here?

သူ သည်မှာ ဘယ်လောက်ကြာကြာ နေမလဲ။

When do you stop?

မင်း ဘယ်မှာနေသလဲ။

Whence has he come?

သူ ဘယ်အချိန် ရပ်မလဲ။

Whither is he going?

သူ ဘယ်ကို သွားမလဲ။

How often did you see him?

မင်း သူ့ကို ဘယ်နကြိမ် မြင်သလဲ။

How are you?

မင်း ဘယ့်နှယ်ရှိသလဲ။ (မာရဲ့လား)

How do you know?

မင်း ဘယ့်နှယ်သိသလဲ။

Why do you shout?

ဘာဖြစ်လို့ မင်း အော်သလဲ။

How far is it true?

ထိုဟာ အဘယ်မျှလောက် မှန်သလဲ။ (သူပြောတဲ့ စကားကို အကုန်ပဲ ယုံရမလား။ ဘယ်လောက်သာ ဟုတ်မှန်တာပါမည်လဲ)

### အချိန်ကာလ ပမာဏ။

I almost die.

ငါ သေလုနီးပါး ဖြစ်သည်။

since he came.

သူ လာကတည်းက။

mgyoe.com

mgyoe.com

Two years ago.

နှစ်နှစ်တုန်းက။

Two years since.

နှစ်နှစ်တုန်းက။

Since two years ဟု မဆိုရ။

Since he died.

သူ သေကတည်းက။

He died since ဟု မဆိုရ။

ဆိုလျှင် သူသေကတည်းကဟု အဓိပ္ပာယ်မရ။ ထိုအခါကတည်းက စပြီး သူ သေသည်ဟု အဓိပ္ပာယ်ရနိုင်သည်။ ထိုကဲ့သို့သော စကားမျိုးကား မရှိ။

From here to there.

သည်မှ ဟိုအထိ။

By then.

ဟိုအခါမှာ။

From then to now.

ဟိုအခါကစပြီး ယခုအထိ။

Until now.

ယခုအထိ။

It rains.

မိုးရွာသည်။

It is raining.

မိုးရွာနေသည်။

It is fine to day.

ယနေ့ သာယာသည်။

It is hot to day.

ယနေ့ ပူသည်။

It is still early.

mgyoe.com

စာသေးသည်။

It is two miles from here.

သည်နေရာမှ နှစ်မိုင်ကွာသည်။

It was winter.

ဆောင်းဥတု ဖြစ်သည်။

ယိုစာပိုဒ်များ၌ it ကိုဖော်၍ အဓိပ္ပာယ်မပြန်ရ။ ပြောထုံးများ ဖြစ်သည်။

The then king

ထိုအခါ အုပ်ချုပ်သောဘုရင်။

The above account

အထက်ပါ ငွေစာရင်း

The down train

အစုန်ရထား။

An up mail

အဆန်စာပို့။

အောက်ပါများ၌ adverb ကြိယာဝိသေသနများသည် မြှုပ်ထားသော စကားတစ်ခုခုကို အထူးပြု၏။

The above account မှာ The account given above အစား ဖြစ်သည်။

The down train မှာ The down going train အစား၊ The up mail မှာ The up going mail အစား ဖြစ်သည်။

## အမေးများ

Who spoke?

ဘယ်သူ စကားပြောသလဲ။

Whom do you want?

မင်း ဘယ်သူ့ကို အလိုရှိသလဲ။

What did you say?

mgyoe.com

မင်း ဘာပြောတယ်။
Whose book is it?
ဘယ်သူ့စာအုပ်လဲ။
Which book do you like?
ဘယ်စာအုပ်ကို မင်း သဘောကျသလဲ။
What book is it?
ထိုဟာ ဘာစာအုပ်လဲ။
What folly!
ဘယ်လောက်မိုက်သလဲ။ (တယ်မိုက်ပါလား)
What a foolish man!
ဘယ်လောက်မိုက်တဲ့လူလဲ။ (တယ်မိုက်တဲ့လူပါလား)
From within the house.
အိမ်အတွင်းထဲမှ။
During Summer.
နွေဥတုအတွင်း။
Pending orders.
အော်ဒါအမိန့်များ မရောက်သေးမီအတွင်း။
Not with standing his orders.
သူ၏ အမိန့်အော်ဒါများ ရှိသော်လည်း။
Because of this.
သည်ဟာကြောင့်။
In front of the house.
အိမ်ရှေ့မှာ။
In opposition to his proposal.
သူ အကြံပြုချက်နှင့် ဆန့်ကျင်၍။
In spite of his orders.
သူအမိန့်အာဏာ (ရှိသော်လည်း၊ ဖိလာ)။
On account of this.

mgyoe.com

mgyoe.com


သည့်အတွက်ကြောင့်။
With reference to your letter.
မင့် စာနှင့် ပတ်သက်၍။
With regard to your idea.
မင်း စိတ်ကူးအကြံနှင့် ပတ်သက်ရာမှာ။
For the sake of money.
ငွေအတွက် ငွေကိုငဲ့၍။
On your behalf.
မင်း အကျိုးအလို့ငှာ၊ မင်း တွက်တာ။
On behalf of this man.
သည်လူ့အတွက်၊ သည်လူ့အကျိုးအလို့ငှာ။
Instead of money.
ငွေအစား။
In lieu of money.
ငွေအစား။
In the place of money.
ငွေအစား။
With a view to.
ရည်ရွယ်၍၊ နှလုံးသွင်းလျက်၊ ရှေ့ရှုလျက်။
In the event of his death.
သူသေတော့ခါ။
Whether he will come or not.
သူ လာမလား မလာဘူးလား။ သူလာလာ မလာလာ။
What I had heard.
ငါ ကြားခဲ့တာ။
For ever
အမြဲ။
Between now and then.

mgyoe.com

mgyoe.com

ခဏ ခဏ။

From above

အပေါ်က။

From beyond the seas

ပင်လယ်တစ်ဖက်မှ။

Within a few weeks of his death

သူသေပြီး ရက်သတ္တပတ်အနည်းငယ်အတွင်းမှာ။

I will come within three days.

သုံးရက်အတွင်း ငါလာမည်။

I will come in three days.

သုံးရက်ကြာလျှင် ငါလာမည်။

Over one rupee each.

တစ်ခုတစ်ကျပ်ကျော်ကျော် ကျသည်။

Under half its value.

သူ့အဖိုးတစ်ဝက်ထက် လျော့၍ (ငါ ဝယ်ရခဲ့တယ်)

All except one.

တစ်ယောက်မှတစ်ပါး အားလုံး။

All save one.

တစ်ယောက်မှတစ်ပါး အကုန်။

The hour past sunset.

နေဝင်ပြီးနောက် တစ်နာရီ။

## ဝါကျမပြည့် အသုံးဝင်သောစာပိုဒ်များ။

Considering your age

မင်းအရွယ်ကို ထောက်ထားသဖြင့်။

Owing to his illness

သူ မကျန်းမာခြင်းကြောင့်။

Concerning this

mgyoe.com

ဒါနှင့်ပတ်သက်၍။
regarding this
ဒါနှင့်ပတ်သက်၍။
touching this
ဒါနှင့် ပတ်သက်၍။
By means of money
ငွေအားဖြင့်၊ ငွေအစွမ်းဖြင့်။
From under the table
စားပွဲအောက်က။
From among the rest
ကြွင်းသောလူများအထဲမှ။
From off the fire place
မီးဖိုပေါ်မှ။
The man we want.
ငါတို့အလိုရှိသော လူ။
The man whom we want.
ငါတို့အလိုရှိသောလူ။ အပေါ်စာပိုဒ်မှာ whom မြှုပ်ထားသည်။
The chair to sit on.
ထိုင်ဖို့ ကုလားထိုင်။
The chair on which to sit.
ထိုင်ဖို့ ကုလားထိုင်။ ပထမစာပိုဒ်မှာ which ကို မြှုပ်ထားသည်။
On this side the river.
မြစ်၏ သည်ဘက်မှာ။
On board the ship.
သင်္ဘောကုန်းပတ်ပေါ်မှာ။
Despite the riches.
စည်းစိမ်ဥစ္စာများ ရှိသော်ငြားလည်း။
A month.

mgyoe.com

mgyoe.com


တစ်လလျှင်။

A year.

တစ်နှစ်လျှင်။

A week.

တနင်္ဂနွေတစ်ပတ်လျှင်။

pur annas a piece.

တစ်ခုလေးပဲ။

Five a rupee.

တစ်ကျပ် ငါးခု။

A rupee each.

တစ်ခု တစ်ကျပ်။

Smaller than me.

ငါ့ထက် ငယ်သော။

less than ten rupees.

ငွေတစ်ဆယ်ထက်နည်း၍။

No one other than a graduate need apply.

ဘွဲ့ရမှတစ်ပါး မည်သူမျှ မလျှောက်ရ။

Need apply.

လျှောက်ရန်လိုသည်။

No one need apply.

မည်သူမျှ လျှောက်ရန်မလို။

He did nothing else than laugh.

သူ ရယ်ချည်းနေတာပဲ။ (ရယ်ခြင်းမှတစ်ပါး ဘာမှမလုပ်)။

I will suffer myself rather than he should suffer.

သူခံရမည်ထက် ငါကိုယ်တိုင် ခံမှာပဲ။ (သူ့အစား ငါခံမယ်။ ခံချင်း ခံရင် သူမခံရ၊ ငါသာ ခံမည်)

He was all but died.

သူ သေသည်မှတစ်ပါး အကုန်ပဲ။ (သူ မသေရုံ ကျန်တော့သည်)

mgyoe.com

He was all but ruined.
သူ လုံးလုံးမပျက်စီးတာ တမယ်ပဲ။
But for your help I should have been ruined.
မင်း မကူညီရင် ငါသေဖို့ပဲ။
I cannot but fear.
ငါ မကြောက်ဘဲမနေနိုင်။
I cannot help fearing.
ငါ မကြောက်ဘဲ မနေနိုင်။
I have seen him before.
ငါ သူ့ကို အရင်က မြင်ဖူးတယ်။
He stood before the door.
သူ တံခါးရှေ့မှာ ရပ်သည်။
The rain fell before we reached home.
ငါတို့ အိမ်မရောက်မီ မိုးရွာ၏။
The one received a prize.
တစ်ယောက်က ဆုရ၏။
and the other was promoted.
တစ်ယောက်က အတန်းအတင်ခံရ၏။
He was both whipped and fined.
သူ ကြိမ်ဒဏ်လည်း ခံရ၏။ ငွေဒဏ်လည်း ခံရ၏။
He was not only whipped but also fined.
သူ ကြိမ်ဒဏ်သာမဟုတ် ငွေဒဏ်လည်း ခံရ၏။
He is guilty and you also.
သူ့မှာ ပြစ်မှုသင့်၏။ မင်းလည်းပဲ သင့်၏။
He is an idler and a gambler too.
သူ လူပျင်းဖြစ်၏။ အလောင်းသမားလည်း ဖြစ်၏။
He as well as you is guilty.
သူရော မင်းရော ပြစ်မှုသင့်၏။

mgyoe.com

mgyoe.com

He no less than you is guilty.

သူရော မင်းရော ပြစ်မှုသင့်၏။

Either he or you.

မင်းသော်လည်းကောင်း၊ သူသော်လည်းကောင်း။

Neither an idler nor a gambler.

သူ လူပျင်းလည်းမဟုတ်၊ ကစားသမားလည်း မဟုတ်။

Leave the room,

အခန်းထဲကထွက်။

or you will be caught.

မထွက်ရင် မင်း အဖမ်းခံရလိမ့်မည်။

or အစား otherwise, or else ကိုလည်း သုံးနိုင်သည်။

Wise men love truth

ပညာရှိသူများသည် မှန်ကန်ခြင်းကို နှစ်သက်ကြ၏။

while fools shun it.

ရူးမိုက်သူများမူကား အမှန်ကို ရှောင်ရှားကြ၏။

while အစား whereas ကို သုံးနိုင်၏။ (မူကား)

Go where you like

မင်း သွားချင်ရာကို သွားပါ။

only do not stay here.

ဒီမှာသာ မနေပါနဲ့။

He is sad, but hopeful.

သူ ဝမ်းနည်း၏။ သို့သော်လည်း မျှော်လင့်ခြင်းရှိသူဖြစ်၏။

He is very rich

သူ လွန်စွာ ကြွယ်ဝ၏။

still he is not contented.

သို့သော်လည်း စိတ်မကြေ။

**Still အစား yet ကို သုံးနိုင်၏။**

mgyoe.com

All men are against him.

လူအားလုံး သူနှင့် ဆန့်ကျင်၏။

never the less he perseverse.

သို့ပါလျက်နှင့် သူ ဇွဲမြဲ၏။

he stuck, however, to his point.

သို့သော်လည်း သူ၏အချက်ကို သူ ဇွဲကပ်၏။ (သူလုပ်သော အလုပ်ကို မစွန့်)

Although you know.

မင်း သိသော်လည်း။

Therefore he was hanged.

ထို့ကြောင့် သူ ကြိုးပေးခံရ၏။

Then let us go.

ဒီလိုဖြင့် သွားကြစို့။

so let us go.

ဒီလိုဖြင့် သွားကြစို့။

So then let us go.

ဒီလိုဖြင့် သွားကြစို့။

You will die some day,

မင်း တစ်နေ့ သေမှာပဲ။

for all men are mortal.

အကြောင်းမူကား လူအားလုံးသေမျိုးဖြစ်၏။

I will go if you advise me.

မင်း ငါ့ကို အကြံပေးရင် ငါ သွားမည်။ (ငါသွားဖို့ အကြံပေးရင်)

He told us that rain had fallen.

မိုးရွာသည်ဟု သူ ငါတို့ကို ပြော၏။

He made a promise that he would return.

သူ ပြန်လာမည်ဟု ကတိထားသည်။

He wrote that he arrived.

mgyoe.com

mgyoe.com

သူရောက်ကြောင်း သူ စာရေး၏။

He will succeed because he has worked hard.

သူ အောင်မြင်လိမ့်မည်။ အကြောင်းမူကား သူ ကြိုးစားလုပ်ခဲ့၏။

He will do this since you desire it.

မင်း ထိုဟာကို ဆန္ဒရှိသဖြင့် သူ ၎င်းဟာကို လုပ်လိမ့်မည်။

Let us go to bed as it is now late.

ယခု ညဥ့်နက်သဖြင့် အိပ်ရာဝင်ကြစို့။

He talked so much that he made himself hoarse.

သူ အသံပြာအောင် သူ့ကိုယ်ကို သူလုပ်၍ ထိုမျှလောက် များစွာ စကားပြော၏။ (အသံပြာအောင် ပြောသည်)

Men work that they may earn a living.

လူများ အသက်မွေးဝမ်းကြောင်းရဖို့ အလုပ်ကို လုပ်၏။

He took medicine in order that he might recover.

သူ ကျန်းမာဖို့ရန်အတွက် ဆေးသောက်၏။

He took medicine so that he might recover.

သူ ကျန်းမာရန်အတွက် ဆေးကို စား၏။

He walked with a cane lest he should stumble.

သူ တိုက်ခိုက် ချော်မလဲရအောင် ကြိမ်လုံးနှင့် လမ်းလျှောက်၏။

❑

mgyoe.com

mgyoe.com
mgyoe.com